## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲ အရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက် ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အား ကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့ သည်တိုးပွားကုန်၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

သတင်းထူး သတင်းဦး နေ့စဉ်ဖြန့်ချိမြဝတီ

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၇)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
၂၀၂၅ ခုနှစ်၊ မေ ၁၅ ရက်၊ ကြာသပတေးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ် များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ် လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းသည့် Operation Room ၉၅ လုံးတင်ဆောင်သည့် သင်္ဘောနှင့် Modular (prefabricated) house ၁၈၀၄ လုံး တင်ဆောင်သည့်သင်္ဘော သီလဝါဆိပ်ကမ်းသို့ရောက်ရှိ၊ သက်ဆိုင်ရာမှ ငလျင်ဘေးသင့်ဒေသများသို့ ဆက်လက်ပို့ဆောင်သွားမည်

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သည့် မန္တလေး မြေငလျင်ကြီးကြောင့် ငလျင်ဘေးသင့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ၌အသုံးပြုရန် တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှလှူဒါန်းသည့် Operation Room ၉၅ လုံးတင်ဆောင်လာသည့် MTT Sapangar သင်္ဘောသည် မေလ ၁၂ ရက် ည ၆ နာရီခွဲတွင်လည်းကောင်း၊ Modular (prefabricated) house ၁၈၀၄ လုံး တင်ဆောင်လာသည့် SOUTHERN VEN-TURE သင်္ဘောသည် မေလ ၁၃ ရက် ည ၆ နာရီ ၃၈ မိနစ်တွင်လည်းကောင်း သီလဝါ ဆိပ်ကမ်းရှိ MITT တံတားသို့ အသီးသီး ဆိုက်ရောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါရောက်ရှိလာသော Operation Room ၉၅ လုံးနှင့် Modular (prefabricated) house ၁၈၀၄ လုံးတို့အား ယနေ့နံနက် ပိုင်းတွင် သီလဝါဆိပ်ကမ်း၌ လွှဲပြောင်း

**စာမျက်နှာ ၁၅ ကော်လံ ၁** ❐



## သံ၊ သံမဏိ၊ ဘီလပ်မြေနှင့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ဆက်လက်ရောင်းချ ပေးလျက်ရှိ

စာ - ၅ သို့

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ပြည်တွင်း ပြည်ပအလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့

စာ - ၁၆ သို့

## ဆိတ်မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေး

စာ - ၇ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၁၅ ရက်)

# ကြိုတင်ကာကွယ် သဘာဝဘေးအန္တရာယ်

မြန်မာနိုင်ငံသည် နွေ၊ မိုး၊ ဆောင်း သုံးရာသီလည်ပတ်နေသောနိုင်ငံဖြစ်သည်။ ရေမြေသဘာဝကောင်းမွန်၍ ရာသီဥတုမျှတသာယာသည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်လျက်ရှိပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိသည်။ ထိုသို့တည်ဆောက်လျက်ရှိရာတွင် သဘာဝရာသီဥတုကိုလည်း အလေးထား စောင့်ကြည့်နေရမည်ဖြစ်သည်။ ရာသီဥတုမှာ ပုံမှန်အဆင်ပြေစွာလည်ပတ်နေပါက လူသားတို့အတွက် ကောင်းကျိုးကိုဖြစ်ပေါ်စေနိုင်သော်လည်း ပုံမှန်မဟုတ်သောရာသီဥတုနှင့်တွေ့ကြုံရသည့်အခါ အခက်အခဲများဖြစ်ပေါ်လာတတ်သည်။

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ မေလ ၁၃ ရက်တွင် ဝင်ရောက်ခဲ့ပြီး မြစ်ဝကျွန်းပေါ်ဒေသများသို့ မေလ ၁၅ ရက်မှ ၁၈ ရက်အတွင်း၌လည်းကောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ မေလ ၁၉ ရက်မှ ၂၄ ရက်အတွင်း၌လည်းကောင်း အသီးသီး ဝင်ရောက်မည်ဖြစ်ကြောင်းနှင့် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ထိုလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်းထားသည်။ ယင်းကာလတွင် အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းလာနိုင်ကြောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှထုတ်ပြန်ထားသည်။ ပြည်သူများအနေဖြင့် မိုးလေဝသသတင်းနှင့်ပတ်သက်၍ အမြဲတမ်းသတိပြုနေကြရမည်ဖြစ်သည်။

မေလ ၁၄ ရက် ညနေ ၄ နာရီအချိန် ထုတ်ပြန်ချက်အရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ သို့ဖြစ်ပါ၍ မေလ ၁၃ ရက်မှ ၂၀ ရက်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန်ဖြစ်သည်။

ကမ္ဘာတွင် နိုင်ငံအများအပြားမှာ ဖောက်ပြန်ပြောင်းလဲနေသောရာသီဥတု၏ဒဏ်ကို ခံစားနေကြရသည်။ အချို့နိုင်ငံများတွင် မိုးရွာသွန်းမှုမရှိဘဲ အပူချိန်မြင့်တက်နေချိန်တွင် အချို့နိုင်ငံများ၌ မိုးလေပြင်းထန်ကာ ရေကြီးရေလျှံမှုများနှင့်ကြုံတွေ့နေကြရသည်။ မြန်မာနိုင်ငံတွင်လည်း ရာသီဥတု ဖောက်ပြန်မှုဒဏ်ကို ကမ္ဘာ့နိုင်ငံများနည်းတူကြုံတွေ့နေရပြီဖြစ်သည်။ အထူးသဖြင့် မိုးသည်းထန်စွာ ရွာသွန်းနိုင်သည်ကိုသိရှိသော်လည်း ရေကြီးရေလျှံမှုဖြစ်လာလိမ့်မည်ဟု ကြိုတင်မြော်တွေးမှုမရှိသည့် အဖြစ်နှင့်ကြုံရသည့်အခါ ရေကြီးရေလျှံခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများစွာကြုံတွေ့ခဲ့ရသည်မျိုးရှိခဲ့သည်။ မည်သည့်အချိန်အခါမဆို ရာသီဥတုနှင့်ပတ်သက်လာလျှင် ပြည်သူများအနေဖြင့် မိုးလေဝသ သတင်းများကို အထူးဂရုပြုနားထောင်ကာကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားကြရမည်သာဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လက်ရှိအနေအထားမှာ အပူချိန်ပြင်းထန်မှုဒဏ်ကိုခံစားနေကြရသည်။ မကြာမီကာလများတွင် မိုးရွာသွန်းခြင်းနှင့် အနောက်တောင်မုတ်သုံလေဝင်ရောက်မှုအခြေအနေများကြောင့် အပူဒဏ်လျော့ပါးသက်သာမှုရရှိမည်ဖြစ်သည်။ သို့သော်လည်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများကိုမူ အစဉ်သတိပြုနေကြရမည်ဖြစ်သည်။ မြန်မာဆယ့်နှစ်လရာသီတွင် တန်ခူးလနှင့် ကဆုန်လတို့သည် အပူချိန်မြင့်မားသည့်လများဖြစ်သည်။ "တန်ခူး ကဆုန် ဆွေ့ဆွေ့ခုန်" ဆိုသည့်အတိုင်း ပူပြင်းလှသည့်နွေကာလ၏အပူရှိန်ကို ခံစားကြရပြီးဖြစ်သည်။ အပူရှိန်ပြင်းထန်လာမှုကြောင့် အပူပြန်တိမ်တိုက်နှင့် အခိုးအငွေ့များမြင့်မားလာခြင်းနှင့်အတူ လေထုမငြိမ်မသက်မှုနှင့် အခိုးအငွေ့များကြောင့် မိုးသည်းထန်နိုင်မှုအခြေအနေများပေါ်ပေါက်လာခြင်းဖြစ်သည်။

တောင်သူလယ်သမားကြီးများအတွက် မိုးရေသည် စိုက်ပျိုးရေးအတွက်လိုအပ်သည့်အရာဖြစ်သည်။ မိုးရွာမှပျိုးသာသည်ဆိုသည့်အတိုင်း ရရှိလာမည့်မိုးရေကိုထိန်းသိမ်းရင်း မိမိတို့လုပ်ငန်းခွင်အတွက် ကောင်းစွာအသုံးပြုကြရမည်ဖြစ်သည်။ သို့သော် မိုးသက်လေပြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းမျိုးကိုမူ သတိရှိစွာကြိုတင်ပြင်ဆင်မှုဖြင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ထို့အတူ အများပြည်သူများအနေဖြင့်လည်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသက်လေပြင်းတိုက်ခတ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများကို ကြိုတင်တွက်ဆကာကွယ်ကြရမည်ဖြစ်သည်။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် ပြည်သူများအတွက် မိုးလေဝသသတင်းများကိုကြိုတင်၍ မှန်ကန်စွာထုတ်ပြန်ပေးလျက်ရှိသဖြင့် အဆိုပါထုတ်ပြန်ချက်ပါညွှန်ကြားချက်များအတိုင်း လိုက်ပါဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# မြို့နယ်အတွင်းရှိ နှမ်းစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကြည့်ရှုစစ်ဆေး

**ပေါင်းတည် မေ ၁၄**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်အတွင်းရှိ နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေကို မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက မေလ ၁၄ ရက် နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့သည် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် ယခုနှစ်တွင် မြို့နယ်အတွင်း နွေစပါးဧက ၂၆၀၀၀ ကျော်စိုက်ပျိုးထုတ်လုပ်နိုင်ရေး တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ပြီး နွေစပါးပန်းတိုင်အထွက်နှုန်းသတ်မှတ်ချက် တစ်ဧကတင်း ၁၁၀ နှင့်အထက် ထွက်ရှိနိုင်ရေးအတွက် နွေစပါးစိုက်ပျိုးသည့်တောင်သူများအား မျိုးကောင်းမျိုးသန့် အထွက်ကောင်းနွေစပါးမျိုးများစိုက်ပျိုးနိုင်ရန် လိုအပ်သည်များကို ကူညီဖြည့်ဆည်းကာ သွင်းအားစုများ၊ စိုက်နည်းစနစ်ပြသခြင်းများနှင့် အသိပညာပေးခြင်းများကို ကြိုတင်ဆောင်ရွက်ပေးသည်။

ထိုသို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ယခုအခါ နွေစပါးအများစုမှာ ရက် ၉၀ ကျော် သက်တမ်းရှိနေကြပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့သည် နတ်ပုတီးကျေးရွာ၊ ကြူတောကန်ကျေးရွာနှင့် ဇျက်ကြီးကျေးရွာတို့ရှိ အကွက်ကျယ် YAR–14 စံပြစိုက်ခင်းများနှင့် အောင်နိုင်တိုး၊ ရတနာတိုး အထွက်ကောင်းစပါးစိုက်ခင်းများဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး ရိတ်သိမ်းချိန်တွင် စပါးအလေအလွင့်မရှိစေရေးမှာကြားကြောင်းသိရသည်။

ရွှေသား(IPRD)

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

**နေပြည်တော် မေ ၁၄**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာအုပ်စု ရွှေမြို့တိုက်နယ်ဆေးရုံမှ ဦးဆောင်၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မေလ ၁၃ ရက်က ရွှေမြို့နယ်မြေရဲစခန်းဝင်း၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ရွှေမြို့တိုက်နယ်ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာအောင်ဆန်းဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအကြောင်းတို့ကို အသိပညာပေးဟောပြောပြီး ရဲစခန်းအတွင်းရှိ ရေတွင်း၊ ရေကန်များအား ကလိုရင်းဆေးခတ်ပေးကြောင်း သိရသည်။

(၄၁၃)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၅-၂၀၂၅ (ကြာသပတေးနေ့)

| | |
|---|---|
| ၁။ ၀၆:၀၀ နိုင်ငံတော်သီချင်း | ၁၁။ ၁၈:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင် | |
| ၃။ ၀၉:၀၀ ကျန်းမာသုတ | ၁၂။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၄။ ၁၀:၀၀ နိုင်ငံတကာသတင်း | ၁၃။ ၁၈:၄၀ ပြည်သူ့ကြားက ပြည်သူ့စကား |
| ၅။ ၁၁:၀၀ မြဝတီရုပ်မြင်သံကြားသတင်း | ၁၄။ ၁၈:၅၀ စိုက်ပျိုးသုတ |
| ၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု | ၁၅။ ၁၉:၀၀ The Unknown War အပိုင်း(၁၁) |
| ၇။ ၁၄:၀၀ သာယာသီကြွေးခေတ်ဆန်းတေး | ၁၆။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈။ ၁၅:၀၀ ဓာတ်လမ်းတို | ၁၇။ ည ၈ နာရီ သတင်းအပြီး နိုင်ငံတကာသတင်း |
| ၉။ ၁၆:၀၀ စာပေနှင့်အနုပညာသတင်း | ၁၈။ မိုးလေဝသသတင်း |
| ၁၀။ ၁၇:၀၀ လူသားနှင့်ဆိုက်ဘာအန္တရာယ် | ၁၉။ သင့်အတွက်မနက်ဖြန် |

မြဝတီ နေ့စဉ်
The Myawady Daily

**စာတည်းမှူးချုပ်** – ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** – ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** – ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** – ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# မုံရွာမြို့၌ အများပြည်သူအပန်းဖြေနိုင်စေရန် ပြည်သူ့ဥယျာဉ်တည်ဆောက်နေမှု ၇၀ ရာခိုင်နှုန်းကျော်ပြီးစီး



မုံရွာ မေ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ချမ်းမြဝတီရပ်ကွက်ရှိ မြေဧက ၃၀ ပေါ်၌ အများပြည်သူအပန်းဖြေနိုင်စေရန် ပြည်သူ့ဥယျာဉ်တစ်ခု တည်ဆောက်လျက်ရှိရာ ယခုအခါ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

မုံရွာမြို့ အရှေ့ဘက်ခြမ်း၌ မုံရွာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ အားကစားနှင့်ကာယပညာသိပ္ပံ၊ ပညာရေးဒီဂရီကောလိပ် စသည့်ကျောင်းများအပြင် ရပ်ကွက် ၁၅ ရပ်ကွက်နှင့်ဝန်ထမ်းအိမ်ရာများလည်းရှိပြီး ပြည်သူများ အပန်းဖြေအနားယူရန် နေရာမရှိသေးသည့်အတွက် ပြည်သူ့ဥယျာဉ် တည်ဆောက်နေခြင်းဖြစ်သည်။

"မုံရွာမြို့အရှေ့ဘက်ခြမ်းက ပြည်သူတွေလည်း လာရောက်အပန်းဖြေနိုင်စေဖို့ ကျောက္ကာလမ်းနဲ့ အနော်ရထာလမ်းပေါ်က ဧက ၃၀ လောက်ရှိတဲ့ မြေနေရာမှာ ပြည်သူ့ဥယျာဉ်တစ်ခုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကနေ အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ အဲဒီပြည်သူ့ဥယျာဉ်မှာ နှစ်ကေခွဲလောက်ကျယ်ဝန်းတဲ့ ပြည်သူ့ရင်ပြင်တစ်ခုပါမယ်။ ပြည်သူတွေ အပန်းဖြေအနားယူနိုင်ဖို့အတွက် Landscaping တွေ၊ မြက်ခင်းတွေ၊ လျှပ်စစ်မီးတိုင်တွေ၊ ခုံတန်းတွေ၊ နိုင်လွန်ကတ္တရာလမ်းတွေအပြင် မြက်ခင်းတွေအတွက် ရေရရှိရေးကိုလည်း ဆောင်ရွက်ထားပါတယ်"ဟု မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါပြည်သူ့ဥယျာဉ်၌ လာရောက်အပန်းဖြေသူများ၏ ကျန်းမာရေးအတွက် သန့်စင်ခန်းကိုလည်း တည်ဆောက်ထားကြောင်း၊ ထပ်မံတိုးချဲ့မှုအနေဖြင့် စားသောက်ဆိုင်များ၊ အားကစားပြုလုပ်နိုင်မည့်ပစ္စည်းများနှင့် ကစားကွင်းများလည်း စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် တည်ဆောက်မှုလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီး မေလကုန်တွင် ရာနှုန်းပြည့်ပြီးစီးနိုင်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

---

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်း ၂၄ ပြည်ဝင် ဇီယာဆန်အိတ် ၇၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့



မော်လမြိုင်ကျွန်း မေ ၁၄

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလအတွင်း ၂၄ ပြည်ဝင် ဇီယာဆန်အိတ် ၇၀၀၀၀ အထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ဆန်စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်နီနီဝင်း၏ပြောဆိုချက်အရ သိရသည်။

"ပြီးခဲ့တဲ့ဧပြီလတစ်လတာကာလအတွင်း ဇီယာဆန်အိတ် ၇၀၀၀၀ ရန်ကုန်ဈေးကွက်ဘက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်က လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဇီယာဆန်က စားကောင်းတဲ့ ဆန်အမျိုးအစားဖြစ်ပါတယ်။ ဇီယာဆန်ကို ရန်ကုန်ဈေးကွက်ဘက်က အဓိကဝယ်လိုအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဇီယာဆန်ကို ရန်ကုန်ဈေးကွက်က ဒီလထဲမှာလည်း အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ လတ်တလောမှာ တခြားဆန်တွေထက် ဇီယာဆန်က အရောင်းအဝယ်ပိုကောင်းနေပါတယ်"ဟု ဒေါ်နီနီဝင်းက ပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ဇီယာဆန်များကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

သုတကျော်

---

# ရန်ကုန်တိုင်းဒေသကြီးအတွင်း စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေလ ၁၃ ရက်က ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် လူငယ်စင်တာအား လူထုအခြေပြုဗဟိုဌာနကဲ့သို့ အသုံးချကြရန်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီတို့ပူးပေါင်း၍ စာပေဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ စာပေနှင့်ဆိုင်ရာလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ကျောင်းစာကြည့်တိုက်များ၊ ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။


ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက မိမိတို့ကော်မတီအနေဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ လူငယ်များ၏အခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင် ဒေါ်ခင်လေးစိုးက စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျရှိအောင်ဆောင်ရွက်ကြရန်နှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်ကြလာသည့် ခရိုင်/မြို့နယ်ဦးစီးမှူးများနှင့်ကော်မတီဝင်များက ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုတင်ပြခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### စုန်ကြလေပြီ

ကျွန်ုပ်တို့သည် နံနက်စာ ထမင်းစားပြီးအချိန်တွင် အင်းကြီးရွာမှ စုန်ခဲ့ကြရာ မလုပ်ဖူးသောအလုပ်တစ်ခုတွင် ပျော်တတ်သော ကျွန်ုပ်မှာ ဖောင်လေးပေါ်၌ အလကားနေရင်း အူရွှင်လျက်ရှိ၏။ စာအုပ်များပါသော်လည်း မဖတ်ချင်ဘဲ တစ်မျှော်တည်း မျှော်ကြည့်လျက်ရှိ၏။ ကျွန်ုပ်သည် အင်းကြီးရွာသို့ ကိုသိန်းဖေနှင့်လာစဉ်က လှည်းဖြင့်လာခဲ့ခြင်းဖြစ်၏။ ရွှေလီချောင်းကို သင်္ဘောဖြင့် စုန်ဖူး၊ ဆန်ဖူးပါ၏။ သို့ရာတွင် သင်္ဘောပေါ်မှ မြင်ရသောရှုခင်းသည် ဖောင်လေးပေါ်မှ မြင်ရသော ရှုခင်းကို မီသည်မထင်ပေ။ သင်္ဘောဖြင့်သွားစဉ်က လှပဆန်းကြယ်သော တောတောင်တို့၏သာယာခြင်းသည် မျက်စိအောက်တွင် တစ်ခဏတာမျှပေါ်လာပြီး ကြည့်ကောင်းဆဲ၌ပင် ကျော်လွန်ကာ ပျောက်ကွယ်ကျန်ရစ်၏။ ဖောင်လေးမူကား တရွေ့ရွေ့မျောဆင်းခြင်းဖြစ်သောကြောင့် ဝဝကြီးကြည့်နိုင်ခွင့်ရှိပါသည်။ ထို့ပြင် စိတ်၏ဆန်းကြယ်ခြင်းကလည်း ရှိသေး၏။ ရှုခင်းတစ်ခုတည်းကိုပင် သင်္ဘောပေါ်မှ ကြည့်ရခြင်းနှင့် ဖောင်လေးပေါ်မှ ကြည့်ရခြင်းသည် တူသေးသည် မဟုတ်ချေ။ လူတွေကြားထဲမှ မျှော်ကြည့်ရခြင်းသည် ဖောင်လေးပေါ်မှ ဇိမ်နှင့်ကြည့်ရခြင်းကဲ့သို့ စိတ်ထဲ၌ ရိုးတိုးရွတ မဖြစ်လှပေ။ သင်္ဘောပေါ်မှမူ တမင်တကာ ထကြည့်ရ၍ မြင်ပြန်တော့လည်း တစ်မျက်နှာမျှသာ မြင်နိုင်ပေရာ ဖောင်လေးပေါ်မှမူကား လေးမျက်နှာစလုံးကိုကြည့်ချင်ရာ လှမ်းကြည့်နိုင်၏။ သင်္ဘောနှင့်သွားစဉ်က ချောင်းသို့ ရေဆင်းသောက်ကြသော တောတိရစ္ဆာန်ရိုင်းများသည် သင်္ဘောသံကြားသည်နှင့် ပုန်းလျှိုးကွယ်ပျောက်သွားကြသည်ဖြစ်ရာ ဖောင်လေးကိုမူကား ထိတ်လန့်ကြောက်ရွံ့ခြင်းမရှိဘဲ ရဲရဲကြီးမော့ကြည့်ကြသည်နှင့် ၎င်းတို့၏ ဘာသာဘာဝနေထိုင်ကြသော အခြင်းအရာကို အားရအောင်မြင်နိုင်လေသည်။ အင်းကြီးမှ ထွက်လာစက ထမင်းစားပြီးသောအခါ တစ်ရေးအိပ်တတ်သော ကျွန်ုပ်၏ ထုံးစံအတိုင်း တဲလေးထဲတွင် တစ်ရေးတစ်မော အိပ်မည်ကြံခဲ့သော်လည်း တစ်ခဏအိပ်လိုက်လျှင် ရှုခင်းအများကြီး လက်လွတ်သွားနိုင်သည်ဆိုကာ မအိပ်ဘဲ ထိုင်၍လိုက်လာခဲ့ပါသည်။

### ရှုခင်းကြောင့် လွမ်းစိတ်တွေပေါ်

ရှုခင်းတို့မည်သည်မှာ နေကျဲကျဲပူလျက်ရှိသောအချိန်တွင် သာ၍ ထင်ရှားစွာမြင်နိုင်သည်မှန်သော်လည်း ကျွန်ုပ်၏ အကြိုက်ကား မိုးလေးတစ်ချက်တစ်ချက်အုံ့လိုက်သောအခါတွင် သာ၍လှပသည်ထင်၏။ တိမ်တိုက်ကြီးများ တက်လာ၍ လျှမ်းလျှမ်းတောက်ထွန်းလင်းလျက်ရှိသော နေမင်း၏မျက်နှာပြင်ကို ဖုံးကွယ်လိုက်သောအခါ ယခင်က ရေပြင်ကို နေရောင်ဟပ်သည်နှင့် မျက်လုံးများကို ခပ်ကျဉ်းကျဉ်းထား၍ ကြည့်ခဲ့ရာမှ တိမ်များကြောင့် ညို့ညို့မှိုင်းမှိုင်းဖြစ်လာသည့် တောတောင်တို့၏လှပခြင်းကို မျက်စိဖွင့်၍ ကြည့်ခွင့်ရသည့်အပြင် စိမ်းစိုညို့မှိုင်းခြင်းသည်လည်း လူ၏စိတ်ခါတ်ကို ပြုပြင်တတ်၍ ဘယ်ဆီလွမ်းရမည်မသိ၊ ကြည်နူးလွမ်းဆွတ်သောစိတ်များ ဖြစ်ပေါ်လာရပေသည်။ ထို့ကြောင့်လည်း ညနေခင်းတိုင်းရောက်လာသောအခါတွင် နေရောင်ပျော့လာသည်နှင့် လွမ်းချင်သောစိတ်များသည် ရင်ဘတ်ကို ဝှေ့လျက်ရှိရာ ကျွန်ုပ်အဖို့ရာ၌ စိတ်ထိခိုက်ဆုံးသော အချိန်အပိုင်းအခြားဟူ၍ အသိအမှတ်ပြုခဲ့မိပါသည်။ ညနေခင်းအချိန်တွင် ရွှေလီဝသို့ရောက်၍ ကိုသိန်းဖေ နေခဲ့ဖူးသည့် ပိန်းတောရွာလေးသို့ ချဉ်းကပ်လာလေပြီ။ (ကိုသိန်းဖေသည် အင်းရွာ၌နေသည်ဟု အထက်တွင်ဖော်ပြခဲ့ဖူးရာ အမှန်မှာ အင်းရွာနှင့်တစ်မိုင်ခန့်ဝေးသည့် ပိန်းတောရွာအကောက်ရုံး၌ နေထိုင်ခဲ့ခြင်းဖြစ်သည်။) ထိုအခါ၌မူ ကိုသိန်းဖေမှာ မြတောင်တောအုပ်ရုံးသို့ ရောက်နေပြီဖြစ်၍ သူ၏ရုံးလေးကို မျှော်ရုံသာ မျှော်ကြည့်ခဲ့ရ၏။ ဤရုံးလေး၌ သူရှိခဲ့လျှင် မည်သည့်နည်းမဆို တစ်ညအိပ်ဖို့ ဆွဲဦးမည်ဖြစ်လေသည်။ ထို့နောက် ရွှေလီဝ၌ရှိသော အင်းရွာကို ကျော်လွန်၍ ဧရာဝတီမြစ်ပြင်ကြီးသို့ ရောက်ကြသောအခါ နေဝင် 'စုပ်စုပ်ကန်း'ချိန် ရှိနေပြီ။

**"ဧရာဝတီမြစ်သည် ရေငယ်သောရာသီဖြစ်၍ ကျွန်ုပ်တို့သည် မြစ်ပြင်ကြီးမှ စုန်ချလျက်ရှိသော်လည်း စည်းတိမ်သောင်တိမ်များ တွေ့ရ၏။ စည်းတိမ်နှင့် တိုးမိသည်ဆိုလျှင် အလွန်ရေတိမ်သောကြောင့် ဖောင်လေးပင် တင်ရပါသည်။ "ဟေ့လူ ဖိုးယုန်၊ ဆင်းတွန်းချလေကွာ" ဟု ကျွန်ုပ်က ပြောရာ "မလုပ်ပါနဲ့ခင်ဗျာ၊ ငါးကြီးကြောက်ပါတယ် "ဟု ဆိုကာ ဖောင်လေးပေါ်၌ ဗဟိုတည့်သည်ထက်တည့်အောင် ရွှေးချယ်ကာ ပြောင်းရွှေ့ပြီး ထိုင်လိုက်သေး၏ . . ."**

### ကြောက်တတ်သော ဖိုးယုန်

ကျွန်ုပ်တို့သည် ရွှေလီဝသို့ ရောက်ခါနီးတွင် ကြက်သားကြော်၊ ငါးကြော်နှင့် မုန်ညင်းချဉ်၊ ရွှေအပ်ရတ်သီးတို့ဖြင့် ညစာစားကြလေပြီ။ ဟင်းရည်မှာ မြစ်ရေသာဖြစ်သော်လည်း မြိန်လိုက်ကြပုံမှာ ပြောဖွယ်ရာမရှိချေ။ ထိုရက်မှာ လပြည့်ကျော် ၁၂ ရက်ဖြစ်သောကြောင့် လရောင်ကို မျှော်လင့်ရန်မလိုဘဲ ဧရာဝတီမြစ်ပြင်ကြီးတွင် မှောင်ကြီးမည်းမည်း၌ စုန်ကြရ၏။ ထိုအခါ၌မူ ကျွန်ုပ်၏ စိတ်ထဲ၌ ပျော်ရွှင်မှု၊ သာယာမှုမရှိတော့ဘဲ ရွာသို့မြန်မြန်ရောက်ချင်သောဇောသာရှိပါတော့သည်။ သို့ဆိုသော်လည်း မမျှော်လင့်ဘဲနှင့်ကြုံရသော အခြင်းအရာမဟုတ်၊ မထွက်မီကတည်းက ကြိုတင်သိရှိခဲ့ပြီးသောအခြင်းအရာဖြစ်ပါသည်။ မည်းမည်းမှောင်လျက်ရှိသော မြစ်ပြင်ကြီးအလယ်တွင် ဖောင်လေးနှင့်မျှောချရခြင်းမှာ ပျော်စရာကောင်းသော အလုပ်တစ်ခုမဟုတ်ချေ။ ဤအထဲတွင် ကျွန်ုပ်အဖော် ဖိုးယုန်၏ သတ္တိကြောင်ခြင်းကလည်း ကျွန်ုပ်ကို ခြောက်လှန့်ပေးသကဲ့သို့ ဖြစ်ရသေး၏။ ဖိုးယုန်သည် ဧရာဝတီမြစ်ပြင်သို့ ရောက်လာကြကတည်းက ဖောင်လေးပေါ်တွင် အစွန်အဖျား၌မထိုင်ဘဲ အလယ်ဗဟိုတည့်တည့်ကြီးတွင် မလှုပ်မရှား ငြိမ်သက်စွာထိုင်လျက်ရှိ၏။ "ဟေ့လူ ဘာဖြစ်တာလဲကွဲ့"ဟု မေးရာ "ငါးကြောက်တယ်ခင်ဗျ" ဟု ပြန်ပြော၏။ ဤတွင် ကျွန်ုပ်က "တော်ပါပေ့ကွာ၊ မင်းတို့ ရွှေလီချောင်းထဲမှာတော့ ငါးမရှိဘူးလား" ဟု မေးရာ သူက "ရှိတော့ရှိတယ်။ နို့ပေမဲ့ ချောင်းဆိုတော့ ငါးငယ်ငယ်သာရှိတယ်။ မြစ်ကြီးဆိုတော့ ငါးကြီးတွေရှိလို့ လူကို မျိုချနိုင်တယ်" ဟု ပြန်ပြောလေ၏။ ကျွန်ုပ်သည် ဖိုးယုန်၏ သူရဲဘောနည်းခြင်းကို ဤနေရာ၌ ရယ်ရုံသာရယ်ချင်၏။ ရှေ့အဖို့၌မူ ငိုချင်သောအဖြစ်မျိုး ကြုံရပါသေးသည်။

### ဝဲထဲ၌ လည်ရခြင်း

ဧရာဝတီမြစ်သည် ရေငယ်သောရာသီဖြစ်၍ ကျွန်ုပ်တို့သည် မြစ်ပြင်ကြီးမှ စုန်ချလျက်ရှိသော်လည်း စည်းတိမ်သောင်တိမ်များ တွေ့ရ၏။ စည်းတိမ်နှင့် တိုးမိသည်ဆိုလျှင် အလွန်ရေတိမ်သောကြောင့် ဖောင်လေးပင် တင်ရပါသည်။ "ဟေ့လူ ဖိုးယုန်၊ ဆင်းတွန်းချလေကွာ"ဟု ကျွန်ုပ်က ပြောရာ "မလုပ်ပါနဲ့ခင်ဗျာ၊ ငါးကြီးကြောက်ပါတယ် "ဟု ဆိုကာ ဖောင်လေးပေါ်၌ ဗဟိုတည့်သည်ထက်တည့်အောင် ရွှေးချယ်ကာ ပြောင်းရွှေ့ပြီး ထိုင်လိုက်သေး၏။ ဤတွင် ကျွန်ုပ်ကိုယ်တိုင်ဆင်း၍ ဖောင်ကိုတွန်းချရပါတော့သည်။

ထိုကဲ့သို့ ခဏခဏ ဖောင်တင်ရာတွင် တင်တိုင်း တင်တိုင်း ကျွန်ုပ်တစ်ယောက်တည်းဆင်း၍ တွန်းချရ၏။ တချို့နေရာ၌ ရေသည် အလွန်တိမ်လှသဖြင့် ဖောင်သည် ပေါ်လောကြီး ပေါ်လျက်ရှိသည်တွင် အတော်မောပန်းလျက်ရှိသော ကျွန်ုပ်မှာ ရေတိမ်ကိုကျော်လွန်အောင် တွန်းချရန် အခက်အခဲတွေ့လျက်ရှိသည်နှင့် "ဟေ့ကောင်၊ မင်းက တက်လေးဘာလေးနဲ့ ထောက်ပြီး ကူးပေဦးကွ၊ ငါမောလှပြီ" ဟု ငေါက်၍ပြောရာ ဖိုးယုန်က "ကြောက်ပါတယ်ဆိုဗျာ၊ မလုပ်ပါနဲ့၊ ငါးမျိုသွားပါ့မယ်"ဟု ပြန်ပြော၏။

ကျွန်ုပ်က "ငါ့ကိုတော့ ငါး မမျိုဘူးလားကွ"ဟု မေးရာ၊ "ဆရာကတော့ ပျော်ချင်လို့ လာတာကိုးဗျ"ဟု သူက ပြန်ပြောလေသည်။ "မြစ်ကြီးလုပ်နေပြီး ရေ့နှယ်တိမ်ရန်ကောဗျာ၊ ဖောင်ကလည်း တင်နိုင်ကောဗျာ"ဟု ကျွန်ုပ်ညည်းတွားမိသော အချိန်များမှာ ငိုချင်မိသောအချိန်များပေတည်း။ သန်းခေါင်အချိန်လောက်တွင် ကမ်းနီးရွာသို့ ချဉ်းကပ်လာရာ ရေကြောင်းသည် ကမ်းနီးရွာဘက်သို့ ဖိ၍ စီးသည်နှင့် တက်ဖြင့် အနည်းငယ်လှော်ခတ်ပေးရုံဖြင့် ကမ်းဘက်သို့ ချဉ်းကပ်လေ၏။

ထိုကဲ့သို့ လှော်ခတ်သူမှာ ဖိုးယုန်မဟုတ်၊ ကျွန်ုပ်ပင် ဖြစ်သည်။ (ဖိုးယုန်သည် ရွှေလီရိုးသားတစ်ယောက်ဖြစ်သော်လည်း ဧရာဝတီမြစ်ပြင်သို့ တစ်ခေါက်တည်း ရောက်ဖူးသည်ဆိုရာ သူ့ကိုထည့်ပေးလိုက်သော မမိုးသည် ဖိုးယုန်၏ ငါးကြောက်တတ်ခြင်းကို သိဟန်မတူချေ။) ရေကြောင်းသည် အရှေ့ဘက်ကမ်းသို့ဖိ၍ စီးလိုက်ရာ ဖောင်လေးသည် ကမ်းသို့ ချဉ်းကပ်ရုံမက ကမ်းပါး၌ ပေါက်ရောက်လျက်ရှိသော ချုံပင်များအောက်သို့ ဝင်တိုးသည်နှင့် ဖောင်ပေါ်မှ တဲလေးမှာ ချုံများနှင့်ပွတ်ပြီး ပြုတ်ကျကျန်ရစ်ခဲ့သဖြင့် ဖောင်လေးထီးတည်း ကျန်ရစ်ပါတော့သည်။ သို့ရာတွင် ရှေ့လျှောက်၍ နေပူဖို့မရှိတော့သဖြင့် ကိစ္စမရှိဟု အောက်မေ့လိုက်ရ၏။

**ဆက်လက်ဖော်ပြပါမည်။**

---

## Thai Festival 2025 ကို ရန်ကုန်မြို့၌ ကျင်းပမည်

ရန်ကုန် မေ ၁၄

ထိုင်းနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် စီးပွားရေးပူးပေါင်းမှုအခွင့်အလမ်းများမျှဝေရန် ရည်ရွယ်ထားသော Thai Festival 2025 ကို ဇွန်လ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ရန်ကုန်မြို့ရှိ Novotel Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံရုံးမှ သိရသည်။

အဆိုပါပွဲတော်ကို ရန်ကုန်မြို့ရှိ ထိုင်းနိုင်ငံသံရုံး၏ ဦးဆောင်မှုဖြင့် True–Dtac၊ Myanmar Airways International (MAI) နှင့် Novotel Hotel တို့မှ ပံ့ပိုးကူညီပေးထားခြင်းဖြစ်ပြီး ထိုင်းခရီးသွားအာဏာပိုင်အဖွဲ့၊ ထိုင်းနိုင်ငံစီးပွားရေးသံရုံးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအသင်း၊ ထိုင်း–မြန်မာစီးပွားရေးကောင်စီ၊ GMM Grammy၊ ONE31 နှင့် GMMTV တို့မှလည်း ပူးပေါင်းပါဝင်ကူညီမည်ဖြစ်သည်။

ယင်းပွဲတော်ကို ၂၀၂၄ ခုနှစ်က ရန်ကုန်မြို့ရှိ Junction City ၌ ပထမဆုံးအကြိမ်ကျင်းပခဲ့ပြီး ယခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ထိုင်းနိုင်ငံထုတ်ကုန်များ၊ ထိုင်းနိုင်ငံရိုးရာယဉ်ကျေးမှုနှင့် ခရီးသွားဝန်ဆောင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ထိုင်းနိုင်ငံဂီတသံစဉ်များမှတစ်ဆင့် ထိုင်းနိုင်ငံ၏ယဉ်ကျေးမှုကိုမြှင့်တင်ရန် ရည်ရွယ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကာလတွင် ဆိုင်ခန်းပေါင်း ၆၀ ကျော်မှ ထိုင်းအစားအစာ၊ အလှကုန်များနှင့် ခရီးသွားဝန်ဆောင်မှုများ၊ ကျန်းမာရေးဆိုင်ရာရရှိနိုင်မည့် Package များနှင့် ထိုင်းအနုပညာဆိုင်ရာပစ္စည်းများကို ခင်းကျင်းပြသထားမည်ဖြစ်ပြီး ထိုင်းအကအလှပြိုင်ပွဲများ၊ ထိုင်းအစားအစာချက်ပြုတ်နည်းပြသမှုများနှင့် မြန်မာ–ထိုင်း အနုပညာရှင်များ ပူးပေါင်းဖျော်ဖြေမည့်အစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက Thai Festival Myanmar Facebook page၊ @thailandmyanmar Instagram နှင့် Royal Thai Embassy Yangon ၏ YouTube Channel များမှတစ်ဆင့် ဝင်ရောက်ကြည့်ရှုစုံစမ်းနိုင်ကြောင်း သိရသည်။

ဝတီ

# မြန်မာနိုင်ငံပြန်တမ်း


## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။


၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့်ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဇော်လင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန<br>(ရုံးချုပ်) နယ်စပ်ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသား<br>လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) | ဦးသိန်းဝင်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်ဝန်ကြီးရုံး<br>(သာသနာရေး) သာသနာရေးနှင့်<br>ယဉ်ကျေးမှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကား<br>ပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန |

၁၇-၅-၂၀၂၅ ရက်နေ့မှ ၁၈-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




၁၉-၅-၂၀၂၅ ရက်နေ့မှ ၂၀-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




❖ ကျောဖုံးမှအဆက်

မုတ်သုံလေဆက်လက်ဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညမှ မေလ ၁၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မေလ ၁၈ ရက်မှ ၂၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့်ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဆက်လက်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၁၄

မြန်မာနိုင်ငံ၌ မတ်လ ၂၈ ရက်က မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို အများပြည်သူများ ဈေးနှုန်းမှန်ကန်စွာနှင့် အရည်အသွေးပြည့်မီစွာဝယ်ယူနိုင်ရန်ရည်ရွယ်၍ ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို မေလ ၁၂ ရက် မှ ၁၈ ရက်အထိ ရောင်းချပေးလျက်ရှိသည်။





ငလျင်ဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့်ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ရောင်းချပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ယနေ့ တတိယနေ့အဖြစ်ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ငလျင်ဘေးဒဏ်သင့်ပြည်သူများနှင့် ဒေသခံပြည်သူများ လာရောက်ဝယ်ယူလျက်ရှိသည်။

ယနေ့တွင် ဘိလပ်မြေထုတ်လုပ်သူများအသင်းအရောင်းပြခန်း၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း အရောင်းပြခန်း၊ မြန်မာနိုင်ငံသံနှင့်သံမဏိ အသင်းအရောင်းပြခန်း၊ အိမ်ဆောက်လုပ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းအမျိုးမျိုး အရောင်းပြခန်း၊ နိုင်ငံတကာမှ အရည်အသွေးမြင့် မီးဖိုချောင်သုံးပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အရောင်းပြခန်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးနှင့် အကြီးမားဆုံးဆောက်လုပ်ရေးနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ အရောင်းစင်တာ၊ သံထည်နှင့်စတီးများ အရောင်းပြခန်း၊ ပရိဘောဂအရောင်းပြခန်း၊ အိမ်သုတ်ဆေးအရောင်းပြခန်း၊ လုပ်ငန်းသုံး မီးစက်သေးနှင့် မီးစက်ကြီးများ အရောင်းပြခန်း၊ ဆိုလာပြားနှင့်ဆက်စပ်ပစ္စည်းများ အရောင်းပြခန်းများတွင် ပြည်သူအများ လာရောက် လေ့လာဝယ်ယူလျက်ရှိသည်ကိုတွေ့မြင်ရသည်။

အဆိုပါ ငလျင်ဘေးသင့်ပြည်သူများအတွက် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရောင်းချပေးခြင်းအစီအစဉ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သံနှင့် သံမဏိအသင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

သတင်း- အောင်အောင်
ဓာတ်ပုံ- ဖိုးပြည့်စုံ

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလအတွင်း ငါးသလဲထိုးပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် မေ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလအတွင်း ငါးသလဲထိုးပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ခင်ခင်ဝင်း၏ပြောပြချက်အရ သိရသည်။


ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်းက ငါးသလဲထိုးပိဿာ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း ငါးသလဲထိုးပိဿာ ၇၅၀၀၀ အထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက်ငါးသလဲထိုးများကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းနေခြင်းကြောင့် တင်ပို့အားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ငါးသလဲထိုးတွေကို ရန်ကုန်ဈေးကွက်နဲ့ တခြားဒေသတွေကို တင်ပို့ရောင်းချနေပါတယ်။ ဧပြီလအတွင်း ငါးသလဲထိုးပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဒေသထွက်ငါးသလဲထိုးတွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေပါတယ်။ ဈေးကတော့ ငါးသလဲထိုးရဲ့လတ်ဆတ်မှုပေါ်မူတည်ပါတယ်။ အခုလိုအရောင်းအဝယ်ကောင်းလာတာကြောင့် ကုန်သည်တွေနဲ့ လုပ်သားတွေ အဆင်ပြေနေပါတယ်" ဟု ဒေါ်ခင်ခင်ဝင်းကပြောသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးအပါအဝင် ရေထွက်ကုန်များ ပုံမှန်တင်ပို့လာရသဖြင့် ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ရေလုပ်သားများနှင့် ကုန်တင်ကုန်ချအလုပ်သမားများ အလုပ်အကိုင်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

သုတကျော်

## မိုးလေဝသ သတင်း




# မိုးစပါး မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ကြဲပက်ပွဲနှင့် စိုက်နည်းစနစ်မှန်ကန်ရေး တစ်ဧကအထွက်နှုန်းတိုးတက်ရေး နည်းပညာပေးဆွေးနွေးပွဲကျင်းပ

မြန်အောင် မေ ၁၄



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် တာခွတဲကြီးကုန်းကျေးရွာအုပ်စု ဧက ၁၀၀ စံပြကွက် တောင်သူဦးစိုးမင်းဝင်း၏ ကွင်းအမှတ် (၂၅၀) ဦးပိုင်အမှတ် (၁၄၄/၁) လယ်ယာမြေနစ်ကေ၌ မေလ ၁၃ ရက်က မိုးစပါး မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ကြဲပက်ပွဲနှင့် စိုက်နည်းစနစ်မှန်ကန်ရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေး နည်းပညာပေးဆွေးနွေးပွဲကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြန်အောင်ခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေး ကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်က တာခွတဲကြီးကုန်းကျေးရွာအုပ်စုမှတောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါး အထွက်နှုန်းတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ထည့်သွင်းရေး၊ ကြခင်းစနစ်ပပျောက်ရေးနှင့် သီးနှံစိုက်စွမ်းအားမြှင့်တင်ရေး ဆွေးနွေးပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းက လယ်မြေများ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ထည့်သွင်းစိုက်ပျိုးခြင်းအားဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးနည်းပညာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်အောင်ခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေး ကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ မြန်အောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေး ကော်မတီဝင်များက တောင်သူများအား သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) မျိုးစေ့များပေးအပ်ပြီး ဧက ၁၀၀ စံပြကွက် တောင်သူဦးစိုးမင်းဝင်း၏လယ်ယာမြေ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) များ စုပေါင်းကြဲပက်ကြကြောင်း သိရသည်။

ဝင်းဗိုလ်(မြန်/ဆက်)

# မိတ္ထီလာမြို့နယ် မုန်ပင်ဆည်စံပြကျေးရွာ၌ မိုဘိုင်းလ်စာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ကွင်းဆင်းငှားရမ်းပေး

မိတ္ထီလာ မေ ၁၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မိုဘိုင်းလ်စာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ကွင်းဆင်းငှားရမ်းပေးခြင်းကို မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာအုပ်စု မုန်ပင်ဆည်စံပြကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ မေလ ၁၃ ရက်က ဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က မိုဘိုင်းလ်စာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးရာတွင် မုန်ပင်ဆည်စံပြကျေးရွာသို့ ပထမဆုံးနေရာအဖြစ် ရွေးချယ်ငှားရမ်းပေးခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် စာအုပ်စာစောင်များဖတ်ရှုကာ အသိပညာဗဟုသုတများ တိုးပွားပြီး အကျိုးရှိစေရန်ရည်ရွယ်၍ ငှားရမ်းပေးခြင်းဖြစ်ကြောင်း၊ စာအုပ်စာစောင်များငှားရမ်းရာတွင် အဆင်ပြေစေရန် အပတ်စဉ်လာရောက်ငှားရမ်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ဒေသခံများက ယခုကဲ့သို့ မိုဘိုင်းလ်စာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ကျေးရွာအရောက် စာအုပ်စာစောင်များ လာရောက်ငှားရမ်းပေးခြင်းအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် အပတ်စဉ် အလှည့်ကျလာရောက်ငှားရမ်းပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မိုဘိုင်းလ်စာကြည့်တိုက်မော်တော်ယာဉ်ပါ စာအုပ်စာစောင်များကို ဒေသခံပြည်သူများက စိတ်ဝင်တစားကြည့်ရှုလေ့လာငှားရမ်းကြရာ ဝန်ထမ်းများက စာအုပ်စာစောင်များကို စာရင်းသွင်း၍ စနစ်တကျငှားရမ်းပေးကြောင်း သိရသည်။

ချမ်းသာ

# လှိုင်းဘွဲ့မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး

လှိုင်းဘွဲ့ မေ ၁၄

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒညင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို မေလ ၁၃ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဒေါ်မေခင်ခင်ထူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစု ဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူခုနစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၂ ဦးအတွက် ငွေကျပ်သိန်း ၄၀၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ ကိုသက်

# ဆိတ်မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေး

ဒေါက်တာခင်နန္ဒာစိုး(မွေး/ကု)

နိုင်ငံတစ်နိုင်ငံ၏ အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဆိတ်မွေးမြူရေးသည် ဦးစားပေးရွေးချယ်သင့်သော စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ဆိတ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူတို့၏ စားဝတ်နေရေးကို များစွာအထောက်အကူပြုနိုင်မည်ဟုယုံကြည်သည်။ အဘယ်ကြောင့်ဆိုသော် ဆိတ်သည် အခြားသော အသားစားကြက်မွေးမြူရေး၊ ဥစားကြက်မွေးမြူရေး၊ အသားတိုးဝက်မွေးမြူရေးနှင့် နို့စားနွား၊ အသားစားနွားမွေးမြူရေးထက် အစာကုန်ကျစရိတ်အသက်သာဆုံးဖြင့်မွေးမြူနိုင်သော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်ခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် ဆိတ်သည် အခြားသော တိရစ္ဆာန်များထက် ရာသီဥတုအကြမ်းဒဏ်ကိုခံနိုင်သည့်အပြင် အချိန်တိုကာလအတွင်း ကောင်ရေတိုးပွားမှု လျင်မြန်စေသောကြောင့်လည်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်းတွင် လူဦးရေ ၅၁ သန်းကျော်ခန့်ရှိသည့်အနက် ဆိတ်မွေးမြူထားရှိမှုသည် ၂ ဒသမ ၂ မီလီယံခန့် မွေးမြူထားရှိသည်။ ဆိတ်မွေးမြူရာတွင် ဒေသနှင့်ကိုက်ညီပြီး အသားအထွက်နှုန်းကောင်းသော ဆိတ်မျိုးကောင်းမျိုးသန့်များကို ရွေးချယ်မွေးမြူရန် လိုအပ်သည်။ မျိုးရွေးချယ်ရာတွင် ကြီးထွားနှုန်းကောင်းခြင်း၊ သားပေါက်နှုန်းကောင်းပြီး မွေးမြူမည့်နေရာဒေသ၏ ရာသီဥတုနှင့် အကိုက်ညီဆုံးသော ဆိတ်မျိုးကို ဦးစားပေးရွေးချယ်ရပါမည်။ မြန်မာနိုင်ငံအတွင်းတွင် ယခုလက်ရှိမွေးမြူလျက်ရှိသော ဆိတ်မျိုးများမှာ ထိန်စမ်း၊ ဂျိတ်နီ၊ ဝေသာလီနှင့် ဘိုဝါဆိတ်မျိုးတို့ဖြစ်သည်။ ထိန်စမ်းဆိတ်မျိုးသည် ခန္ဓာကိုယ်ထွားကြိုင်းပြီး ဦးခေါင်းမည်း၊ နှာခေါင်းပိုင်းဖြူ၊ ခန္ဓာကိုယ်အဖြူပေါ်တွင် အနက်ကွက်များရှိကာ မုတ်ဆိတ်နှင့်နားရွက်ရှည်ပြီး တွဲလောင်းကျသောနားရွက်များ ပိုင်ဆိုင်ထားသော ဆိတ်မျိုးဖြစ်သည်။ အထီး၏ ကိုယ်အလေးချိန်မှာ ၅၀ ကီလိုနှင့် အမမှာ ၂၉ ကီလိုခန့်ရှိသည်။

ဂျိတ်နီဆိတ်မျိုးသည် အရွယ်အစားကြီးမားပြီး နီညိုရောင်၊ အုန်းခွံရောင်၊ မန်ကျည်းစေ့ရောင်ရှိသည်။ နားရွက်သည် အလယ်အလတ်ရှည်ကာ အထီးသည် ၄၅ ကီလိုရှိပြီး အမမှာ ၄၂ ကီလိုခန့်ရှိသည်။ များသောအားဖြင့် ဂျိတ်နီဆိတ်မျိုးများကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်၊ တံတားဦးနှင့် စဥ့်ကိုင်မြို့နယ်တို့တွင် မွေးမြူလေ့ရှိကြသည်။

ဝေသာလီဆိတ်မျိုးသည် အလုံးအထည်သွယ်ပြီး အမွေးအရောင်မှာ အညိုအနက်ဘက်နွယ်သည်။ အထီးသည် ၃၈ ကီလိုရှိပြီး အမသည် ၃၂ ကီလိုခန့်ရှိသည်။ များသောအားဖြင့် ဝေသာလီဆိတ်မျိုးများကို မကွေးမြို့၊ ပခုက္ကူမြို့၊ ပေါက်မြို့နှင့် မြိုင်မြို့တို့တွင် မွေးမြူလေ့ရှိကြသည်။

ဘိုဝါဆိတ်မျိုးသည် မူလဒေသ တောင်အာဖရိကမှ ဆင်းသက်လာသော နိုင်ငံခြားဆိတ်မျိုးများဖြစ်ပြီး ခန္ဓာကိုယ်တစ်ခုလုံးတွင် အဖြူရောင်ရှိကာ လည်ပင်းနှင့်ဦးခေါင်းမှာ အညိုရောင်ရှိသော ဆိတ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်အလေးချိန်အားဖြင့် အထီးသည် ၃၅-၄၅ ကီလိုခန့်ရှိပြီး အမမှာ ကိုယ်အလေးချိန် ၂၅-၃၅ ကီလိုအတွင်းရှိသည်။ ယခုလက်ရှိမွေးမြူထားသော ဘိုဝါဆိတ်မျိုးမှာ မြန်မာနိုင်ငံ၏ရာသီဥတုနှင့် ကိုက်ညီမှုရှိအောင် ဒေသဆိတ်မျိုးများနှင့် သားစပ်ထားသော ဘိုဝါသွေး ၅၀ ရာခိုင်နှုန်းခန့်ရှိသည့် ဆိတ်မျိုးများဖြစ်သည်။

ဆိတ်မွေးမြူနိုင်သော နည်းစနစ် (၅)ခုရှိသည်-

- ❑ ချည်၍မွေးခြင်း
- ❑ လွှတ်ကျောင်းမွေးခြင်း
- ❑ ခြံလှောင်မွေးမြူခြင်း
- ❑ ကွင်းလွှတ်ခြံလှောင်မွေးမြူခြင်းနှင့်
- ❑ နှစ်ရှည်သီးနှံများနှင့်တွဲ၍မွေးမြူခြင်းတို့

ဖြစ်သည်။

ကျေးလက်ဒေသ၌ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေများရရှိရန် ဆိတ်မွေးမြူရာတွင် များသောအားဖြင့် အရင်းအနှီးကုန်ကျစရိတ်အသက်သာဆုံးဖြစ်သော ချည်၍မွေးခြင်းနှင့် လွှတ်ကျောင်းမွေးမြူခြင်းနည်းစနစ်ကို အသုံးများကြသည်။ လွှတ်ကျောင်းမွေးမြူရာတွင် ဆိတ်ကျောင်းသားတစ်ဦးလျှင် ဆိတ်ကောင်ရေ ၃၅-၄၀ ကောင်ခန့် ထိန်းကျောင်းနိုင်သည်။ ဆိတ်အုပ်တစ်အုပ်တွင် ဆိတ်လိုက်အကြီးတစ်ကောင်နှင့် လက်အောက်လိုက်ပါ တစ်နှစ်သားခန့်တစ်ကောင် ထားရမည်။ ကျန်ဆိတ်ထီးများကို ၇-၈ လခန့်တွင် သင်းကွပ်ထားရမည်။ ဆိတ်မတမ်းများသည် ၇-၈ လတွင် အရွယ်ရောက်သော်လည်း အသက် ၈-၉ လတွင် သားတင်မှသာလျှင် မိခင်ရောကလေးပါ ဖွံ့ဖြိုးမှုတွင် ချို့တဲ့မှုမဖြစ်နိုင်တော့ပါ။ ဆိတ်မ၏ ကိုယ်ဝန်ဆောင်ရက်မှာ ၁၄၆-၁၅၁ ရက်ခန့်ရှိ၍ ဆိတ်မကြီးတစ်ကောင်လျှင် တစ်နှစ်အတွင်း နှစ်သားကျလေ့ရှိသည်။ ဆိတ်မတစ်ကောင် တစ်ကြိမ်သားပေါက်လျှင် နှစ်ကောင်မှ လေးကောင်အထိ ပေါက်နိုင်သည်။

ခြံလှောင်စနစ်ဖြင့်မွေးမြူရာတွင် မြေစိုက်ခြံဖြစ်ပါက မြေမာပြီးခြောက်သွေ့သောနေရာ ဖြစ်ရပါမည်။ လေကောင်းလေသန့်ရရှိပြီး ကုန်းမြင့်သော ရေမဝပ်သည့်မြေနေရာမျိုးတွင် ရွေးချယ်ဆောက်လုပ်ရမည်။ ခေါင်အမြင့် ၁၀ ပေ၊ လက်ခံတိုင် ၇ ပေခန့်ထားရှိရမည်။ လွှတ်ကျောင်းခြင်းမရှိလျှင် ဆိတ်တစ်ကောင်အတွက် ပျမ်းမျှ ၁၄ စတုရန်းပေ နေရာအကျယ်အဝန်းလိုအပ်သည်။ အစာခွက်၊ ရေခွက်၊ နားနေရန်နှင့် မွေးဖွားအခန်းများ ထားရှိနိုင်ပါက ပိုကောင်းမည်။ ထို့ပြင် လေစိမ်းများမတိုက်စေရန် ဝါးထရံများကာထားပေးရပါမည်။ ဆိတ်သည် စိုစွတ်သော မိုးရာသီကို မကြိုက်တတ်သော တိရစ္ဆာန်များဖြစ်သောကြောင့် မိုးများသောဒေသများတွင် မြေစိုက်ခြံ အစားကြမ်းခင်းစနစ်ဖြင့် မွေးမြူသင့်ပါသည်။

ဆိတ်ခြံအတွင်း ဆိတ်တစ်ကောင်အတွက် လိုအပ်သော အခန်းအကျယ်အဝန်းများမှာ -

- ဆိတ်ကလေးတစ်ကောင် - ၃ ဒသမ ၃ စတုရန်းပေ
- ဆိတ်မ(ဖီးမရှိ) - ၁၄ စတုရန်းပေ
- ဆိတ်မ(ဖီးရှိ) - ၁၈ စတုရန်းပေ
- ဆိတ်သိုး - ၂၈ စတုရန်းပေ

လိုအပ်သည်။

အညစ်အကြေးနှင့် တံစက်မြိတ်ရေများ၊ မိုးရေများ အလွယ်တကူ စီးဆင်းနိုင်အောင် စီမံထားရမည်။ ထို့ပြင် ဆိတ်ခြံသန့်ရှင်းရေးလုပ်ပေးခြင်း၊ ယင်ကောင်နှင့် အခြားသောသန်ကောင်များရန်မှ ကင်းဝေးအောင် ဆောင်ထုံးဖြူးပေးခြင်းဖြင့်ရောဂါဖြစ်ပွားမှုကိုလည်း များစွာကာကွယ်ပေးနိုင်မည်။ သို့မှသာ ကျန်းမာဖြစ်ထွန်းပြီး ဝင်ငွေတိုးစေသော ဆိတ်မွေးမြူရေးလုပ်ငန်းအောင်မြင်ဖြစ်ထွန်းမည်ဖြစ်သည်။

ဆိတ်များသည် ရေမဝပ်သောနေရာ၊ တောင်ကုန်း၊ တောင်စောင်းများတွင် မည်မျှပင်မတ်စောက်စေကာမူ တက်နိုင်ဆင်းနိုင်သော ခြေမြဲသည့်ခွာများရှိသည်။ ဆိတ်များကို လွှတ်ကျောင်းမွေးမြူထိန်းကျောင်းရာတွင် ပေါက်ဖတ်များ မကိုက်မိအောင် သတိထားရမည်။ ဆိတ်များသည် ဆူးမည်မျှပင်ရှိစေကာမူ တိုးဝင်စားသောက်နိုင်သော်လည်း ပေါက်ဖတ်ဟုခေါ်သော သစ်ပင်ချုံပုတ်များပေါ်တွင်နေသည့် အစိမ်းရောင်ရှိ ပိုးကောင်များအား ကြောက်တတ်သည်။ ပေါက်ဖတ်များကိုက်လျှင် ဆိတ်သည် သေတတ်သဖြင့် စီးပွားရေးအရ ဆုံးရှုံးမှုမဖြစ်အောင် အထူးသတိထားထိန်းကျောင်းသင့်သည်။



ဖြည့်စွက်စာအဖြစ် ကုလားပဲခွံ၊ ဝါကြိတ်ဖတ်၊ ဖွဲနု၊ ပဲပုပ်စေ့ဖတ်၊ မြေပဲဖတ်၊ နှမ်းဖတ်၊ နေကြာစေ့ဖတ်၊ ပဲအမျိုးမျိုးအဖတ် စသည်တို့ကို ဆိတ်တစ်ကောင်လျှင် တစ်နေ့ပျမ်းမျှ အစာနှ ၃၀/၅၀ ကျပ်သားခန့်ကျွေးနိုင်သည်။ ထို့ပြင် ဆိတ်ခြံတွင် ဆိတ်ကြီးများလျက်နိုင်စေရန်အတွက် ယူရီးယားသကာတုံးများကိုလည်း ချိတ်ဆွဲထားပေးရမည်။ အရေးကြီးဆုံးအချက်မှာ သောက်ရေထားပေးခြင်းပင်ဖြစ်သည်။ ရေသည် ခန္ဓာကိုယ်ကြီးထွားရန်နှင့် အစာကြေညက်မှုအတွက် မရှိမဖြစ်လိုအပ်သောကြောင့် သန့်ရှင်းပြီး ကြည်လင်သော သောက်သုံးရေထားပေးရန် လိုအပ်ပေသည်။ ရာသီဥတုအခြေအနေပေါ်မူတည်ပြီး အပြောင်းအလဲရှိနိုင်သော်လည်း ဆိတ်တစ်ကောင်အတွက် ပျမ်းမျှရေသောက်နှုန်းမှာ တစ်နေ့လျှင် ရေတစ်ဂါလန်ခန့်ရရှိနိုင်ရန် စီစဉ်ထားပေးရမည်။

ဆိတ်မွေးမြူရေးမှ အသား၊ သားရေရောင်းချမှုမှာ အလွန်ဈေးကောင်းပါသည်။ သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကခြံများမှ ဆိတ်အရှင်များကိုနိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေလည်း များစွာရရှိလာမည်ဖြစ်သည်။ ထို့ပြင်ဆိတ်ချေးသည်လည်း စိုက်ပျိုးရေးလုပ်ငန်းအတွက် ပြန်လည်အသုံးချနိုင်သည့် အထူးအသုံးဝင်သောမြေဩဇာကောင်းတစ်ခုဖြစ်သဖြင့် ဆိတ်ချေးများရောင်းချခြင်းအားဖြင့် ဝင်ငွေတစ်ခုထပ်တိုးလာမည်ဖြစ်သည်။ ဆိတ်နို့တွင် ရေ ၈၆ ဒသမ ၅ ရာခိုင်နှုန်း၊ အဆီ ၄ ဒသမ ၉ ရာခိုင်နှုန်း၊ အသားဓာတ် ၄ ဒသမ ၃ ရာခိုင်နှုန်း၊ သကြား ၄ ဒသမ ၁ ရာခိုင်နှုန်း၊ သတ္တုဓာတ် သုည ဒသမ ၈၉ ရာခိုင်နှုန်း ပါဝင်ပါသည်။ ဆိတ်နို့သည် နွားနို့ထက် အမိုင်နိုအက်စစ်ဓာတ် ပြည့်ဝစွာပါဝင်ပြီး အဆီဥ သေးနုပ်စွာဖွဲ့စည်းပါဝင်မှုကြောင့် အစာကြေချက်မှု ပိုမိုလွယ်ကူစေသည်။ ဆိတ်နို့တွင် သတ္တုဓာတ်ဖြစ်သည့် ဆိုဒီယမ်သံဓာတ်၊ ကြေးနီဓာတ်ပါဝင်မှုသည် အခြားသောနို့များထက် ပိုများသည်။ ဗီတာမင်အေပါဝင်မှုမှာလည်း တခြားနို့များထက်ပိုများသည်။ ထို့ကြောင့် ဆိတ်နို့သည် အာဟာရပြည့်စုံပြီး အစာကြေညက်လွယ်သဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးများ၊ နာလန်ထလူမမာများအတွက် အထူးသင့်လျော်သည်။ ဆိတ်မ၏ နို့ပေးကာလသည် ၃-၁၂ လ အထိ ကြာမြင့်တတ်သဖြင့် ဆိတ်နို့ရောင်းချခြင်းအားဖြင့်လည်း ဝင်ငွေတစ်ခုတိုးပွားလာမည်ဖြစ်သည်။

ဆိတ်မွေးမြူရေးလုပ်ငန်းကို "တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်ဆီသို့" တိုးချဲ့မွေးမြူလာနိုင်ပါက ဆိတ်များမှထွက်ရှိသော ဆိတ်သား၊ ဆိတ်သားခြောက်၊ ဆိတ်သားရေ၊ ဆိတ်သားရေမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များဖြစ်သော ဖိနပ်၊ ဂျာကင်၊ ဦးထုပ်၊ လက်ကိုင်အိတ်၊ ဆိတ်နို့၊ ဆိတ်နို့မှသည် ဆိတ်နို့ရေချိုးဆပ်ပြာခရင်၊ လိုးရှင်းစသော အလှကုန်ပစ္စည်းများအပြင် ဆိတ်နို့ခဲစသည့် စားသောက်ကုန်ပစ္စည်းများ၊ ဆိတ်ချေးမှသည် စိုက်ပျိုးရေးသုံးမြေဩဇာများအဖြစ် ထုတ်လုပ်ရောင်းချခြင်းဖြင့် ဝင်ငွေတိုးပွားလာမည်ဖြစ်သည်။ ဒို့အပြင် ပြည်တွင်းဆိတ်သားထုတ်လုပ်မှု ပိုလျှံလာပါက နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းဖြင့် အော်ဂဲနစ်ဆိတ်သားများအဖြစ် ပြည်ပတွင် ဈေးကွက်ကောင်းစွာရရှိလာမည်ဖြစ်သည်။

ဆိတ်သည် သဘာဝအလျောက် သစ်ပင်၊ သစ်ဖု၊ သစ်မြစ်များကို ကိုက်ဖြတ်စားသောက်တတ်သော အလေ့အကျင့်များရှိခြင်းကြောင့် အစာအတွက် ကုန်ကျရသောစရိတ်များနည်းပါးခြင်း၊ ဆိတ်ခြံမှာလည်း ဝက်ခြံ၊ ဥစားကြက်ခြံတို့ကဲ့သို့ ဆောက်လုပ်ရန်မလိုအပ်ဘဲ ဒေသတွင်းရှိ သစ်၊ ဝါးများဖြင့်သာ လွယ်လင့်တကူဆောက်လုပ်နိုင်ခြင်းကြောင့် ခြံအတွက် ကုန်ကျရသောစရိတ်များ သက်သာခြင်း၊ ဆိတ်များကိုလွှတ်ကျောင်းမွေးမြူရာတွင် ဆိတ်ကောင်ရေ ၄၀ အထိတွင် ဆိတ်ကျောင်းသားတစ်ယောက်နှုန်းဖြင့်သာ ထိန်းကျောင်း၍ရသောကြောင့် လုပ်သားစရိတ်သက်သာခြင်း၊ ဆိတ်သည် အကြမ်းဒဏ်ခံနိုင်သော တိရစ္ဆာန်ဖြစ်သောကြောင့် ကျန်းမာရေးအတွက် ဆေးကုသရသော ကုန်ကျစရိတ်သက်သာခြင်း၊ ဆိတ်သည် တစ်နှစ်အတွင်းတွင် နှစ်သားတင်ပြီး တစ်သားလျှင် ၂-၄ အထိ သားပေါက်နိုင်သောကြောင့် အချိန်တိုအတွင်း စီးပွားရေးတွက်ခြေကိုက်စေသော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်ခြင်း စသောအချက်များကြောင့် ဆိတ်မွေးမြူရေးကို လုပ်ကိုင်ဆောင်ရွက်ကြရန် အားပေးတိုက်တွန်းအပ်ပါသည်။ ဆိတ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့် ဆိတ်မွေးမြူရေးမှ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်လာနိုင်ခြင်းကြောင့် နိုင်ငံအတွင်း အလုပ်အကိုင် အခွင့်အလမ်းများတိုးတက်လာကာ လူမှုစီးပွားဘဝ တိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။ ထို့ကြောင့် ဆိတ်မွေးမြူရေးကို မိသားစုတစ်နိုင်တစ်ပိုင်သော်လည်းကောင်း၊ စီးပွားဖြစ်စနစ်တကျမွေးမြူခြင်းဖြင့်သော်လည်းကောင်း အင်တိုက်အားတိုက်မွေးမြူကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ရေမချိုးခင် ရေတစ်ခွက်သောက်ပါ

ကြည်လွင်မြင့်(မုဒြာ)

**"မည်သည့်ရာသီဥတုမဆို လူလတ်ပိုင်းမှစ၍ လူကြီးများအထိ သတိဖြင့်သာ ရေချိုးသင့်သည်။ ရေမချိုးမီ ရေတစ်ခွက်သောက်ခြင်းသည် အစာအိမ်မှအပူများ အထက်သို့တက်ခြင်းကို ကာကွယ်နိုင်သည်။ အာသီးရောင်ခြင်း၊ သွားဖုံးရောင်ခြင်း၊ သွားများယိုင်နဲ့ခြင်းကိုလည်း ကာကွယ်သည်။ မျက်စိသို့ အခိုးတက်၍ နီရဲခြင်းနှင့် အရွယ်မတိုင်မီ မျက်စိမှုန်ခြင်း၊ မျက်စိမှန်ဘီလူးများ အခိုးရိုက်ခြင်းကို ကာကွယ်နိုင်သည် . . ."**

နေပူထဲမှပြန်လာပြီး အိမ်ပြန်ရောက်ရောက်ချင်း ရေချိုးလိုက်သူတစ်ဦး အဝတ်အစားမလဲရမီမှာပင် မူးလဲကျကာ အသက်ဆုံးရှုံးသွားရသည်ဟု ကြားသိရဖူးပါသည်။

ပူပြင်းသောနွေတစ်ညတွင် ပူလောင်အိုက်စပ်ပြီး အိပ်မပျော်သဖြင့် ညဥ့်သန်းခေါင် ရေထချိုးသူတစ်ဦးသည်လည်း နံနက်လင်းသောအခါ အိပ်ရာမှမထသဖြင့် နှိုးကြည့်ရာမှ လေဖြတ်ပြီး စကားမပြော၊ မလှုပ်ရှားနိုင်ဖြစ်နေသည်ကို တွေ့ရလေသည်။

ထမင်းဟင်းရောင်းသူ အမျိုးသမီးကြီးတစ်ဦးသည် တစ်နေ့ကုန် မီးဖိုကြီးအနီးတွင် ချက်ပြုတ်ရသည်။ နေပူပြင်းသောနေ့တစ်နေ့တွင် ရေထည့်သည့် စည်ပိုင်းပြတ်အတွင်းသို့ ရေခဲတုံးကြီးထည့်စိမ်၍ ရေချိုးလိုက်ရာမှ လဲကျပြီး ပါးစပ်မှအမြှုပ်များထွက်ကာ သေဆုံးသွားသည်ကို စာရေးသူကိုယ်တိုင်စဉ် ကျောင်းသားဘဝက ကိုယ်တွေ့ကြုံဖူးပါသည်။

အထက်ပါအဖြစ်များမှာ နွေဥတုတွင်ဖြစ်သော အဖြစ်များဖြစ်သည်။ အပူနှင့်အအေးဆန့်ကျင်ဘက်ကြောင့်လားဟု တွေးစရာရှိပါသည်။

စာရေးသူသည် သွေးတိုးရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လူနာများကို ရေချိုးပြီး၍ မျက်စိများနီရဲနေလျှင်၊ နီလျှင် သတိထားကြရန် အမြဲပြောပါသည်။

အထူးသဖြင့် အိမ်ရှင်မများ မီးဖိုချောင်တွင် မီးအပူနှင့် အမြဲထိတွေ့ချက်ပြုတ်ကြော်လှော်နေရသူများတွင် မီးဖိုနှင့်ညှော်ငွေ့များ ကပ်ငြိနေလေ့ရှိသည်။ ရုတ်တရက်ရေချိုးသောအခါ ကိုယ်တွင်းမှ ကန်ထွက်သောအခိုးနှင့် အပြင်မှရေအေးတွေ့ထိပြီး အမြင်လွှာသွေးကြောများရောင်ခြင်း၊ အခိုးများငုပ်၍ အတွင်းတိမ်ဖြစ်ခြင်းများပင်ဖြစ်နိုင်သည်။

ရေချိုးပြီးလျှင် မျက်စိများနီရဲခြင်းကို သတိပေးရုံဖြင့်မပြီး ကာကွယ်ရန်နည်းလမ်းများကို စဉ်းစားခဲ့ပါသည်။ ဝမ်းထဲမှအပူ အထက်သို့တက်ရုံမျှမက မျက်စိသွေးကြောများပါ နီရဲခြင်းသည် ဦးနှောက်နှင့်အလွန်နီးကပ်သောလက္ခဏာဖြစ်သည်။ ဦးနှောက်သွေးကြောများသို့ လေပူရောက်ပြီးပေါက်သွားလျှင် ရုတ်တရက် လေဖြတ်နိုင်သောလက္ခဏာဖြစ်သည်။

လေသည် ရုတ်တရက် လူကိုသတ်နိုင်သော ရာဇဂုဏ်ရှိသည်ဟု အာယုဗ္ဗေဒဆေးပညာတွင် သင်ရသည်။ ရာဇဆိုသည်မှာ မင်းသည် လူကိုသတ်နိုင်သကဲ့သို့ လေသည်လည်း လူကိုသတ်နိုင်သည်။ ဥပမာ- လေသင်တုန်းဖြတ်လျှင် ရုတ်တရက်လဲကျပြီး အသက်ပါ ပါသွားတတ်သည်။ အနောက်တိုင်းဆေးပညာအမြင်တွင် ရုတ်တရက် Heart Attack ရသွားခြင်းဖြစ်သည်။ သို့သော် ဦးနှောက်ကို လေသင်တုန်းဖြတ်ခြင်းမှာ Brain Attack ဟု ခေါ်ဆိုနိုင်သည်။

လေတွင် လေပူ (ဥဏှဝါယော) နှင့် လေအေး (သီတဝါယော) နှစ်မျိုးရှိသည်။ ထိုအထဲမှ ဥဏှဝါယောသည် အထက်သို့တက်၍ ဦးနှောက်ကို ဖျက်ဆီးမည့်ဟန်ပြင်လာပြီဆိုလျှင် ကြိုတင်သတိပေးသည့်လက္ခဏာမှာ မျက်စိများနီရဲလာခြင်းဖြစ်သည်။ တစ်ခါတစ်ရံ မျက်စိနှစ်လုံးစလုံးမနီမရဲဘဲ တစ်လုံးသာရဲလေ့ရှိသည်။

ထိုအခါ သတိပေးသည့်အချက်မှာ ဘယ်ဘက်မျက်စိနီရဲလျှင် (အထူးသဖြင့် ရေချိုးပြီးစတွင် ပို၍ထင်ရှားသည်) ဘယ်ဘက်အခြမ်းဦးနှောက်သွေးကြောပေါက်နိုင်သည်။ ထိုအခါ လူတွင် ညာဘက်အခြမ်း (ဆန့်ကျင်ဘက်) လေဖြတ်နိုင်သည်။

အကယ်၍ ညာဘက်မျက်စိနီရဲလျှင် ဦးနှောက်၏ ညာဘက်အခြမ်းတွင် သွေးကြောပေါက်နိုင်သည်။ ဆန့်ကျင်ဘက်အားဖြင့် ခန္ဓာကိုယ်၏ဘယ်ဘက်အခြမ်းတွင် လေဖြတ်နိုင်လေသည်။

လေဖြတ်ခြင်းသည် ဦးနှောက်၏ဘယ်ဘက်အကန့်နှင့် ညာဘက်အကန့်များတွင် သွေးခဲပိတ်ဆို့ခြင်း၊ သွေးထောက်ပံ့မှုမရခြင်းတို့ကြောင့် ဖြစ်ပွားနိုင်သည်။ ထိုသွေးထောက်ပံ့မှုမရသော ဦးနှောက်၏ လုပ်ဆောင်ချက်မှာ ဆန့်ကျင်ဘက်ဖြစ်သော ခန္ဓာကိုယ်ဘယ်ဘက်အခြမ်း၊ ညာဘက်အခြမ်းများတွင် မလှုပ်ရှားနိုင်ခြင်းဖြစ်သည်။

စာရေးသူသည် တိုင်းရင်းဆေးနှင့်မြစ်ချင်းပြီး ရိုးရာဆေးပင်များကိုအသုံးပြုပြီး မျက်စိနီရဲခြင်း၊ လေအထက်ဆန်ခြင်း၊ လေပူတက်ခြင်း၊ လေပူကန်ခြင်းများကို ကုသရန်ကြိုးစားခဲ့သည်။ လေပူနှိမ်ဆေး၊ လေပူနိုင်ဆေး၊ လေသက်ဆေးများကို သုံးစွဲခဲ့ပါသည်။ ထို့ပြင် မျက်စိအတွက် ရေးကပင် သမားစဉ်အဆက်ဆက် သုံးစွဲခဲ့သော နာမည်ကျော်စက္ခုပါလဆေးကိုလည်း လူနာများကိုပေးပြီး သုံးစွဲစေခဲ့သည်။ အတန်အသင့် သက်သာရုံမျှသာဖြစ်ပြီး ထူးခြားစွာမပျောက်ကင်းခဲ့ပေ။

မျက်စိနီသူများကို မျက်စိကွင်းဆေး၊ မျက်စဉ်းဆေးများ ပေးကြည့်သောအခါတွင်လည်း ခေတ္တခဏမျှသာ သက်သာသယောင်ရှိသော်လည်း ဆောင်းတွင်း၊ မိုးတွင်းကဲ့သို့ အေးသောကာလများတွင် ရေချိုးပြီးသောအခါ မျက်စိပြန်နီလာသည်ကို တွေ့ရသည်။

ထိုမျက်စိနီသူများမှ အတော်များများမှာလည်း ကိုယ်တစ်ခြမ်း လေဖြတ်ခြင်း၊ သို့မဟုတ် လေဖြန်းခြင်းဖြစ်လေ့ရှိသည်ကို သတိထားမိလာသည်။ နှစ်အတန်ကြာသောအခါ စာရေးသူ နည်းလမ်းကောင်းတစ်ခုကို တွေ့လာရသည်။

ထိုနည်းမှာ ဆေးမဟုတ်ဘဲ ရေသောက်နည်းသာဖြစ်သည်။ ရေသောက်နည်းကို မှန်မှန်လိုက်နာသောသူများမှာ မျက်စိနီရဲခြင်းသက်သာလာပြီး သွေးတိုးရောဂါနှင့် လေဖြတ်ခြင်းကိုပါ ကာကွယ်နိုင်ကြောင်း တွေ့ရှိရသည်။

အဓိကမှာ နံနက်တွင် ရေချိုးလေ့ရှိသူ၊ အိပ်ရာထချိန် ရေချိုးလေ့ရှိသူများမှာ လေဖြတ်ဝေဒနာ ပို၍ဖြစ်လေ့ရှိသည်ကို တွေ့ရသည်။

ထိုသူများအတွက် ကာကွယ်ရန်မှာ ညအိပ်ရာဝင်ချိန်တွင် ရေတစ်ခွက်သောက်ပြီးမှအိပ်ပါ။ နံနက်အိပ်ရာထသည်နှင့် ရေတစ်ခွက်ထပ်သောက်ရန်လိုပါသည်။ ထို့နောက်မှ ရေချိုးပါ။ ပြီးမှ မျက်နှာသစ်ခြင်း၊ သွားတိုက်ခြင်းကို ဆက်၍လုပ်ဆောင်ရန်ဖြစ်သည်။

နေ့ပိုင်းတွင် ရေချိုးမည့်သူများမှာ နံနက် ၉ နာရီမှ ၁၁ နာရီအတွင်း ရေချိုးမည်ဆိုလျှင် ရေမချိုးမီ ရေမတ်ခွက်တစ်ခွက်ကုန်အောင်သောက်ပြီးမှ ရေချိုးလျှင် အစာအိမ်မှလေပူသည် အထက်သို့တက်ပြီး မျက်စိများနီရဲခြင်းကို ကာကွယ်နိုင်သည်။ တစ်နည်းအားဖြင့် ဦးနှောက်သို့တက်သော အပူကိုကာကွယ်ထားပြီးဖြစ်သဖြင့် ရေချိုးပြီး ခေါင်းမူးခြင်း၊ လေဖြတ်ခြင်းကို ကာကွယ်နိုင်သည်။

ညနေပိုင်းနှင့် ညပိုင်းတွင် လူကြီးများရေမချိုးသင့်ပေ။ လူငယ်နှင့်လူလတ်ပိုင်းများ ရေချိုးနိုင်သည်။ အလုပ်လုပ်ရသဖြင့် ပင်ပန်းနွမ်းနယ်သူများ၊ ညစ်ပတ်ပေကျံသော အလုပ်လုပ်ရသူများမှာ ရေချိုးနိုင်သည်။ သို့သော် ရေချိုးပြီးလျှင်မှန်ကြည့်ပါ။ မျက်စိများနီသည်၊ ရဲသည်ဆိုလျှင် နောက်တွင် ညနေနှင့် ညဘက်ရေချိုးခြင်းကို ရှောင်ကြဉ်ရန်လိုပါသည်။

မည်သည့်ရာသီဥတုမဆို လူလတ်ပိုင်းမှစ၍ လူကြီးများအထိ သတိဖြင့်သာ ရေချိုးသင့်သည်။ ရေမချိုးမီ ရေတစ်ခွက်သောက်ခြင်းသည် အစာအိမ်မှအပူများ အထက်သို့တက်ခြင်းကို ကာကွယ်နိုင်သည်။ အာသီးရောင်ခြင်း၊ သွားဖုံးရောင်ခြင်း၊ သွားများယိုင်နဲ့ခြင်းကိုလည်း ကာကွယ်သည်။ မျက်စိသို့ အခိုးတက်၍နီရဲခြင်းနှင့် အရွယ်မတိုင်မီ မျက်စိမှုန်ခြင်း၊ မျက်စိမှန်ဘီလူးများအခိုးရိုက်ခြင်းကို ကာကွယ်နိုင်သည်။

ရေမချိုးမီ ရေတစ်ခွက်သောက်ဆိုရာတွင် ပုံမှန်သောက်ရေအိုးမှရရှိသည့် အအေးဓာတ်ရှိသောရေကိုသာ သောက်သင့်သည်။ ရေခဲရေမသောက်သင့်ပေ။ အေးအောင်၊ ခဲအောင် ရေခဲသေတ္တာ၊ Water Cooler တို့မှပြုပြင်ထားသော ရေကိုသောက်လျှင် ပို၍ပင် အပူငုပ်စေနိုင်သည်။ မြေသောက်ရေအိုးတွင် ထည့်သောက်သောရေသည် သဘာဝအအေးဓာတ်ကိုပေးသည်။

သတိပြုရန်မှာ မျက်စိနီရဲခြင်းသည် လေဖြတ်မည့် ရှေ့ပြေးလက္ခဏာဖြစ်သည်။ ကြိုတင်ကာကွယ်ခြင်းဖြင့် လေဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပြတ်ခြင်းကို ကာကွယ်ရန်လိုသည်။ သာမန်လုပ်ဆောင်နိုင်သည့် အကျင့်ကောင်းတစ်ခုကို အမြဲလုပ်ဆောင်ပါ။ ရေမချိုးမီ ရေအေးတစ်ခွက်သောက်ပါ။ လေဖြတ်ခြင်းကို ကာကွယ်နိုင်သော ကျန်းမာအသက်ရှည်ရေးအတွက် နည်းလမ်းကောင်းတစ်ခုဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

---

## ICT ကဏ္ဍနှင့် ဒစ်ဂျစ်တယ်ပုံနှိပ်ကဏ္ဍများပါဝင်မည့် Print,Sign & ICT Expo 2025 ပြပွဲ ရန်ကုန်မြို့ရှိ YCC ခန်းမ၌ ကျင်းပမည်

ရန်ကုန် မေ ၁၄

မြန်မာနိုင်ငံရှိ နည်းပညာနှင့် ဒစ်ဂျစ်တယ်ပုံနှိပ်လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်မည့် Print,Sign & ICT Expo 2025 ပြပွဲကို မေလ ၁၆ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့ရှိ Yangon Convention Centre (YCC)၌ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း (MCIA) ၏ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံဒစ်ဂျစ်တယ်ပုံနှိပ်နှင့် ဆိုင်းဘုတ်လုပ်ငန်းရှင်များအသင်း (MDPSEA)၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်း(MCIA)နှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း (MCPA) တို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်သည်။

ထိုပြပွဲတွင် ICT ကဏ္ဍနှင့် ဒစ်ဂျစ်တယ်ပုံနှိပ်ကဏ္ဍများ ပါဝင်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ဒစ်ဂျစ်တယ်ပုံနှိပ်စက်များ၊ နောက်ဆုံးပေါ်နည်းပညာမြင့် ပုံနှိပ်စက်များနှင့် မီဒီယာလုပ်ငန်းများ၊ IT ပစ္စည်းများ၊ ဒစ်ဂျစ်တယ်ထုတ်ကုန်များကို တစ်နေရာတည်း၌ စုစည်းပြသမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ လူငယ်များအပါအဝင် နည်းပညာအသိုင်းအဝိုင်းအတွက် ဒစ်ဂျစ်တယ်ပုံနှိပ်ပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်သည့် အပိုပစ္စည်းများ၊ နောက်ဆုံးပေါ် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများ၊ Mobile နည်းပညာနှင့်ပစ္စည်းများ၊ ကွန်ပျူတာအသုံးချဆော့ဖ်ဝဲလ်နည်းပညာများ၊ ငွေပေးချေမှုဆိုင်ရာလုပ်ငန်းများ၊ လုံခြုံရေးနှင့်ပတ်သက်သောပစ္စည်းများနှင့် နည်းပညာစာအုပ်များကို တစ်နေရာတည်း၌ ကြည့်ရှုလေ့လာနိုင်ရန် ရည်ရွယ်၍ စီစဉ်ပေးခြင်းဖြစ်ကြောင်း ပြပွဲတာဝန်ရှိသူတစ်ဦးကပြောသည်။

ပြပွဲသို့ လာရောက်လိုသူများအနေဖြင့် https://events.myantickets.com/ တွင် Online မှ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီး လွယ်ကူလျင်မြန်သော မှတ်ပုံတင်စနစ်များအပြင် အထူးလျှော့ဈေးအစီအစဉ်များနှင့် ကံစမ်းမဲအစီအစဉ်များကိုလည်း ထည့်သွင်းတင်ဆက်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာစနစ်နှင့်ကိုက်ညီသော အဆိုပါပြပွဲသို့ နည်းပညာအသစ်များကို လေ့လာလိုသူများ လာရောက်လေ့လာသင့်ကြောင်း သိရသည်။ **မေသူ**

# ရုရှားဘာသာစကားအခြေခံသင်တန်းဖွင့်ပွဲကျင်းပ



ထားဝယ် မေ ၁၄

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ညွှန်ကြားမှုဖြင့်ဖွင့်လှစ်သော ရုရှားဘာသာစကား အခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ထားဝယ်မြို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီး၊ ထားဝယ်ရေနက်ဆိပ်ကမ်းအထူးစီးပွားရေးဇုန်လုပ်ငန်းဆောင်ရွက်ရာတွင် ဒေသအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရုရှားဘာသာစကားကို လေ့လာဆည်းပူးပြီး မိမိတို့၏ စကားစာပေ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များရေရှည်တည်တံ့ခိုင်မြဲအောင် ဖြတ်နိုးတန်ဖိုးထားထိန်းသိမ်း၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် မကြာခင်ကာလအတွင်းစတင်ဆောင်ရွက်မည့် ထားဝယ်ရေနက်ဆိပ်ကမ်းအထူးစီးပွားရေးဇုန်လုပ်ငန်းတွင်လာရောက်ပြီး လုပ်ကိုင်ကြမည့်သူများနှင့် ပြောဆိုဆက်ဆံကြသည့်အခါ၌ ဒေသအတွင်း နေထိုင်ကြသူများ ဘာသာစကားကျွမ်းကျင်တတ်မြောက်ထားရန် လိုအပ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဘာသာစကားအား ကြိုးစားလေ့လာသင်ယူပြီး အခြေခံသင်တန်းပြီးမြောက်ပါက ဆက်လက်၍ လေ့လာသင်ယူသွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား၊ သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ သင်တန်းသို့ တက်ရောက်လာကြသူများက စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။

ရုရှားဘာသာစကားအခြေခံသင်တန်းကို မေလ ၁၄ ရက်မှ ဇွန်လ ၅ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်လူရွယ်များ၊ စိတ်ပါဝင်စားသူများ စုစုပေါင်း ၁၅၀ ဦးအား သင်တန်းနှစ်နေရာခွဲပြီး နာရီအပိုင်းအခြားအလိုက် တာဝန်ရှိသူများက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဂျာမနီနိုင်ငံ၌ကျင်းပမည့် ရင်းနှီးမြှုပ်နှံမှုပြပွဲ-၂၀၂၅ သို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ပြသရန် ဖိတ်ခေါ်ထား

ရန်ကုန် မေ ၁၄

ဂျာမနီနိုင်ငံ Frankfurt မြို့၌ ယခုနှစ် နိုဝင်ဘာလ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင်ကျင်းပမည့် Investment Management Exhibition(IME)–2025(ရင်းနှီးမြှုပ်နှံမှုပြပွဲ-၂၀၂၅) သို့ မြန်မာနိုင်ငံမှပါဝင်တက်ရောက်ပြသရန် ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

အဆိုပါပြပွဲသည် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်မျိုးစုံနှင့် ကဏ္ဍပေါင်းစုံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပသော နိုင်ငံတကာပြပွဲကြီးဖြစ်ပြီး နိုင်ငံအသီးသီးမှ ရင်းနှီးမြှုပ်နှံသူများနှင့်ထိတွေ့ဆွေးနွေးနိုင်ကာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လိုအပ်ချက်များကို တစ်နေရာတည်း၌ လေ့လာနိုင်မည့် Global Platform တစ်ခုဖြစ်သည်။

ယင်းပြပွဲသို့ ဂျာမနီ၊ ပြင်သစ်နှင့် တခြားဥရောပနိုင်ငံများ၊ အမေရိကန်နှင့် အာရှနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ အာဖရိကနိုင်ငံများ၊ European Investment Bank (EIB)၊ The German Society for International Cooperation (GIZ) စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ Investment Promotion Agency များ၊ ဂျာမနီနိုင်ငံအခြေစိုက်သံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ Industry Expert များ၊ အိမ်ခြံမြေနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံလိုသူများ တက်ရောက်ကြမည်ဖြစ်သည်။

ပြပွဲသို့ ပါဝင်တက်ရောက်ပြသလိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇-၄၀၈၆၅၂ နှင့် E-mail – event.td.myantrade@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ဆောင်းဦး

# ပျဉ်းမနားမြို့နယ်တွင် မာလကာစိုက်ပျိုးတောင်သူများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုပုံမှန်ဝင်ငွေရရှိ

နေပြည်တော် မေ ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကျေးလက်နေတောင်သူများ ခြောက်လမာလကာစိုက်ပျိုးဖြစ်ထွန်းပြီး စိုက်ပျိုးတောင်သူများ မိသားစုဝင်ငွေအဆင်ပြေနေကြကြောင်း သိရသည်။

ပျဉ်းမနားမြို့နယ် သစ်လေးလုံးအုပ်စု ပုရွက်ဆိတ်ကုန်းကျေးရွာနေ တောင်သူများသည် မြေအောက်ရေတူးဖော်ကာ ရေစုပ်စက်များဖြင့်ရေစုပ်ယူပြီး စိုက်ပျိုးသည့် သီးနှံခင်းများအား ရေသွင်းစိုက်ပျိုးကြသည်။ ခြောက်လမာလကာ စတင်စိုက်ပျိုးစဉ်က မာလကာပျိုးပင်အရွယ်များအား ၉ ပေပတ်လည်အကွာအဝေးတွင် ၁ ပေပတ်လည်ကျင်းတူးကာ သဘာဝသစ်ရွက်မြေဆွေး၊ မြေဩဇာများ ထည့်သွင်းပြီး မြေနုပ်ကာ ခြောက်လမာလကာများ စိုက်ပျိုးကြသည်။ ခြောက်လမာလကာဟုဆိုသော်လည်း သုံးလဖြင့်အပွင့်အသီးသီးကြောင်း၊ ခြောက်လကျော်အချိန် အပင်ထွားကျိုင်းသန်မာအောင် ပြုစုပျိုးထောင်ပြီး အပွင့်ပွင့်အသီးသီးသည့်မာလကာသီးသာရောင်းတွက်ဝင်၊ ဈေးကွက်လုကြောင်း၊ မာလကာသီးအသီးနုစဉ်အချိန်တွင် အသီးများရောင်းပန်းလှစေရန်၊ စိုက်ပျိုးရေးကထုတ်လုပ်သည့် စက္ကူအိတ်ဖြစ်စေ၊ ပလတ်စတစ်အိတ်ဖြစ်စေ၊ မာလကာသီးများအား အိတ်စွပ်ပေးရကြောင်း၊ သို့မှသာ အဖျက်ပိုးများ အန္တရာယ်များ ဖျက်ဆီးစားသောက်ခြင်းမှ ကာကွယ်နိုင်ပြီး မာလကာသီးများ ရောင်းတမ်းဝင်ချိန်အသီးလှပြီး ဆွတ်ခူးရောင်းချကြကြောင်း ပုရွက်ဆိတ်ကုန်းကျေးရွာ မာလကာစိုက်တောင်သူ ဒေါ်စိုးစိုးက ရှင်းပြသည်။

ခြောက်လမာလကာသက်တမ်းသည် ၄ နှစ်မှ ၇ နှစ်ထိ သက်တမ်းရှိပြီး ဆောင်းအကုန်နွေအကူး မာလကာသီးများဈေးပိုရသည်။ ထွက်ရှိလာသည့် မာလကာသီးများအား အမြို့မြို့အနယ်နယ်ရှိ ဈေးကွက်များသို့ ရောင်းချကြပြီး မိသားစုအပိုဝင်ငွေရရှိကြောင်း သိရသည်။

အောင်သူရဦး(ပြန်/ဆက်)

# မြို့သစ်မြို့နယ်တွင် နွေစပါး ၅၉၆၀ ဧကစိုက်ပျိုးပြီးစီး၍ လျာထားဧကထက်ကျော်လွန်စိုက်ပျိုးနိုင်

မြို့သစ် မေ ၁၄

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင်၂၀၂၄-၂၀၂၅ ခုနှစ်အတွက် နွေစပါးစိုက်ပျိုးရန် ၅၉၅၅ ဧကလျာထားရာ ၅၉၆၀ ဧကအထိကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

မြို့သစ်မြို့နယ်တွင် တောင်သူများ နွေစပါးစိုက်ပျိုးရာတွင် ရေရရှိရေးအတွက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နတ်မောက်ဆည်ရေလောင်တမံမှ ၃၉၆၀ ဧက၊ ပုလင်းဆည်ရေလောင်တမံမှ ၇၈၉ ဧက၊ စွန်ဆည်ရေလောင်တမံမှ ၆၁၈ ဧက၊ ဆဒ္ဒန်ဆည်ရေလောင်တမံမှ ၅၉၃ ဧက စုစုပေါင်း ၅၉၆၀ ဧကအထိရေပေးဝေနိုင်ခဲ့ကြောင်းသိရသည်။

မြို့သစ်မြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ ဒေသနှင့်ကိုက်ညီသည့်အထွက်ကောင်းမျိုးကောင်းမျိုးသန့်စပါးမျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းပညာပေးဆောင်ရွက်ခြင်း၊ စိုက်ပျိုးရာတွင် နည်းစနစ်ကျနစွာစိုက်ပျိုးနိုင်ရေး၊ မြေဆီမြေဩဇာအချိုးကျမှန်ကန်စွာသုံးစွဲနိုင်ရေးနှင့် လိုအပ်သည့်နည်းပညာများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ဝင်းအိဇွန်(ပြန်/ဆက်)

# ပန်းတနော်မြို့နယ်၌ ကန်စွန်းဥများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ပန်းတနော် မေ ၁၄

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ကန်စွန်းဥများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်လှဝင်း၏ပြောပြချက်အရ သိရသည်။

ပန်းတနော်မြို့နယ်၌ ဧပြီလနောက်ဆုံးပတ်မှစတင်ပြီး ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ် ကောင်းမွန်နေခြင်းဖြစ်သည်။

"လက်ရှိ ပန်းတနော်မြို့နယ်မှာ ဒေသခံတောင်သူတွေ စိုက်ထားတဲ့ကန်စွန်းဥတွေ စတင်ထွက်ပေါ်နေတဲ့အချိန်ဖြစ်ပါတယ်။ အခုလို ကန်စွန်းဥတွေပေါ်နေတဲ့အချိန် အရောင်းအဝယ်ကောင်းမွန်နေတော့ စိုက်တဲ့တောင်သူတွေ ဈေးရသလိုလုပ်သားတွေလည်း အဆင်ပြေလာတာတွေ့ရပါတယ်။ ဒီနှစ်မှာ ပြီးခဲ့တဲ့နှစ်ကထက် ကန်စွန်းဥစိုက်သူတွေ နည်းသွားတာနဲ့ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်ကောင်းနေတာပါ" ဟု ဒေါ်လှဝင်းကပြောသည်။

ပန်းတနော်မြို့နယ်၌ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ကန်စွန်းဥအပါအဝင် တခြားရာသီပေါ်သီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း၊ တောင်သူတစ်ဦးလျှင် ကန်စွန်းဥတစ်ဧကမှ ငါးဧကအထိ စိုက်ပျိုးကြောင်း သိရသည်။

သုတကျော်

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၅-၂၀၂၆ ပညာသင်နှစ်"
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- **မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။**
- **ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။**
- **အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။**
- ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၅-၂၀၂၆ ပညာသင်နှစ်"
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသောစည်းမျဉ်း စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မေ ၁၄

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသ ဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)

## ၁၄-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၇၁၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## Container House များတပ်ဆင်နေမှုနှင့် တည်ဆောက်ထားသည့်ယာယီအဆောင်များ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၄

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ် ၂၅ ဥပဒေရေးရာဝန်ကြီးဌာန ယာယီဝန်ထမ်းအိမ်ရာဝင်း၌ ဝန်ထမ်းများနေထိုင်နိုင်ရန် တရုတ်နိုင်ငံမှ ကူညီထောက်ပံ့သည့် Container House များ တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရှင်အဖွဲ့ခေါင်းဆောင်က ယာယီအဆောက်အအုံများ ဆောက်လုပ်တပ်ဆင်ခြင်းကို Video Clip ဖြင့်ရှင်းလင်းပြသပြီး ယာယီအဆောက်အအုံများချထားမည့် မြေနေရာတွင် လက်တွေ့တည်ဆောက်တပ်ဆင်ခြင်းများကိုဆောင်ရွက်ရာ တာဝန်ရှိသူများက တပ်ဆင်တည်ဆောက်နေမှုများကိုလေ့လာ၍ သိရှိလိုသည့်အချက်များကိုမေးမြန်းပြီး သက်ဆိုင်ရာပညာရှင်အဖွဲ့က ပြန်လည်ရှင်းလင်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်က Container House များ လာရောက်တပ်ဆင်ပေးသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပညာရှင်အဖွဲ့ကို ကျေးဇူးတင်စကားပြောကြားပြီး တည်ဆောက်တပ်ဆင်နေသည့် ယာယီအဆောက်အအုံများကိုလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန်ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## ၁၄-၅-၂၀၂၅ ထူးခြားသည့် နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ချောက် | ၄၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၃၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# တောင်သူများအနေဖြင့် အောင်နိုင်တိုးစပါးမျိုးများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် သဘာဝမြေဩဇာရရှိရန်အတွက် ပိုက်ဆန်လျှော်များစိုက်ပျိုးနိုင်ရေးမှာကြား



**နေပြည်တော် မေ ၁၄**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ ရွှေနံ့သာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ မင်းကုန်းအခြေခံပညာအထက်တန်းကျောင်းနှင့် တောင်ညိုအခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား စခန်းသွင်းသင်ကြားလေ့ကျင့်နေမှုအခြေအနေများ၊ ကျောင်းအိပ်၊ ကျောင်းစားထားရှိမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းသား၊ ကျောင်းသူများ ရာနှုန်းပြည့်စခန်းသွင်းဝင်ရောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အလေးထားဆောင်ရွက်ပေးနိုင်ရေး၊ ဆရာ၊ ဆရာမများနှင့် အုပ်ချုပ်ရေးပိုင်းတာဝန်ရှိသူများမှ မိဘများနှင့်တွေ့ဆုံညှိနှိုင်းပြီး ကျောင်းသား၊ ကျောင်းသူများ စခန်းသွင်းဝင်ရောက်နိုင်ရေး၊ ကျောင်းသား၊ ကျောင်းသူများအား စည်းကမ်းစနစ်တကျရှိစေရေး တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာစခန်းသွင်းသင်ကြားလေ့ကျင့်နေသည့်ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် စားသောက်စရိတ်များပေးအပ်သည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် မောင်ရမ်းကျေးရွာရှိ ကွင်းအမှတ် (၁၈၈၅) တောင်သူ ဦးအောင်မြင့်ထွန်း၏ လယ်ကွက်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့်စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော မျိုး(၇)မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးထားရှိမှုအား သွားရောက်ကြည့်ရှုပြီး တောင်သူများနှင့် တွေ့ဆုံ၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများအနေဖြင့် အောင်နိုင်တိုးစပါးမျိုးများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် သဘာဝမြေဩဇာရရှိရန်အတွက် ပိုက်ဆန်လျှော်များစိုက်ပျိုးနိုင်ရေးတို့ကိုမှာကြားကာ တောင်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး မျိုး(၇)မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် စိုက်ပျိုးထားရှိမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြဝတီ**




## ❍ ကျောဖုံးမှအဆက်

ထို့နောက် လေ့လာရေးခရီး လာရောက်ကြသော ရေကြောင်းလူငယ်သင်တန်းသား၊ သင်တန်းသူများအား ပြခန်းခန်းမဆောင်၌ ပြသထားသော နျူကလီးယားနည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု (တိုမိုဂရမ်) နမူနာပုံစံ၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုအမျိုးအစားတစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြ နမူနာပုံစံ၊ ခန္ဓာကိုယ်၏ဓာတ်ရောင်ခြည်ပမာဏကိုတိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းများတွင်ပါရှိသော ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်းစနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ စသည့်သဘာဝပတ်ဝန်းကျင်ရှိအရာဝတ္ထုများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့်စက်၊ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အဆင့်ဆင့်တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့်ပုံဖော်ပြသထားသည့်ပုံစံငယ်နှင့်လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind Turbine နမူနာပုံစံငယ်တို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရေကြောင်းလူငယ်သင်တန်းသား၊သင်တန်းသူများသည်ဗီဒီယိုပြခန်းမဆောင်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော်ပြသထားသည့်သီချင်း MTV၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုတည်ဆောက်မှုအတွေ့အကြုံများရှင်းလင်းတင်ပြမှုဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး ကဏ္ဍအသီးသီးတို့တွင် လက်တွေ့ကျကျအသုံးပြုနေခြင်းဆိုင်ရာ ပိုစတာများကို လေ့လာကြည့်ရှုကြသည်။



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများ လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာအတွင်း ကြည့်ရှုလေ့လာစဉ်။

အလားတူ အခြေခံလေကြောင်းလူငယ် သင်တန်းအမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ် သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းစခန်းများဖြစ်သည့် မြန်မာပြည်မြောက်ပိုင်းသင်တန်းစခန်း၊ မြန်မာပြည်တောင်ပိုင်းသင်တန်းစခန်း၊ ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင်သင်တန်းစခန်း၊ နမ့်စန်သင်တန်းစခန်း၊ တောင်ကြီးသင်တန်းစခန်း၊ တောင်ငူသင်တန်းစခန်း၊ ပြည်သင်တန်းစခန်း၊ မြိတ်သင်တန်းစခန်း၊ မကွေးသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာသင်တန်းစခန်း၊ နေပြည်တော်သင်တန်းစခန်း၊ ကျိုင်းတုံသင်တန်းစခန်းနှင့် ကိုကိုးကျွန်းသင်တန်းစခန်း စသည့်သင်တန်းစခန်း ၁၅ ခုမှ သင်တန်းသားများသည် နေပြည်တော်ကောင်စီနယ်မြေရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ ပြုလုပ်သည့် စခန်းပေါင်းစုံ RC လေယာဉ်မောင်းနှင်ခြင်းနှင့် RC ရဟတ်ယာဉ် မောင်းနှင်ခြင်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများ ကျင်းပနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ တာဝန်ရှိသူများ၊သက်ဆိုင်ရာသင်တန်းစခန်းအသီးသီးမှ အုပ်ချုပ်သူနည်းပြများ၊ ဆရာမများနှင့် သင်တန်းသားများက တက်ရောက်အားပေးကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)





အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁/၂၀၂၅)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများ RC လေယာဉ်မောင်းနှင်ခြင်းနှင့် RC ရဟတ်ယာဉ်မောင်းနှင်ခြင်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြစဉ်။

# ရိုင်းမြစ်မှသည်.....



**❖ ရိုင်းမြစ်ရှိ ရေအားလျှပ်စစ်စက်ရုံများကို ခေတ်မီစေရန် ပြုပြင်ပြောင်းလဲမှုများသည် ဒေသတွင်းရှိ ရေအားလျှပ်စစ်အခြေခံအဆောက်အအုံများ၏ စွမ်းဆောင်ရည်၊ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် သဘာဝပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်မှုတို့ကို မြှင့်တင်ရာတွင် အရေးပါသောအချက်တစ်ခုဖြစ်သည်။ ရေအားလျှပ်စစ်ထုတ်လုပ်မှုကိုမြှင့်တင်ရန် တာဘိုင်များအစားထိုးခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်း၊ ငါးများဖြတ်သန်းသွားလာနိုင်သောစနစ်များနှင့် ဂေဟစနစ်အပေါ်သက်ရောက်မှုများလျှော့ချခြင်း၊ မြစ်အတွင်း ရေအရည်အသွေးနှင့် ဇီဝမျိုးကွဲများကိုစောင့်ကြည့်လေ့လာခြင်း၊ အနည်အနှစ်ပို့ချမှုများကိုစီမံခန့်ခွဲခြင်း၊ ဆည်များနှင့်အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်း အစရှိသော ခေတ်မီနည်းပညာများဖြင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိ . . .**

**စည်သူ**

**ယမန်နေ့မှအဆက်**

အဆင့်ဆင့်အနိမ့်တမံဓာတ်အားပေးစက်ရုံများတွင် မြစ်ရေထုစီးနှုန်းကိုသာ အဓိကအသုံးပြု၍ ရေအားအမြင့်အနည်းငယ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သော Reaction Turbine အမျိုးအစားများဖြစ်သည့် Kaplan, Francis , Bulb , Tubular, Propeller & Straflo Turbine များကို အသုံးပြုထားသည်။ ထို Reaction Turbine အမျိုးအစားများသည် Low Head, High Flow အခြေအနေအတွက် အထူးသင့်လျော်ပြီး အကျိုးသက်ရောက်မှုမြင့်မားသည့်တာဘိုင်များဖြစ်ကြသည်။ ၎င်းတို့၏ အဓိကအားသာချက်များဖြစ်ကြသော ရေစီးနှုန်းပြောင်းလဲမှုအမျိုးမျိုးတွင် စွမ်းဆောင်ရည်ကို အမြင့်ဆုံးရရှိစေရန် ချိန်ညှိနိုင်သောတံခါးရွက်များနှင့်ဒလက်များ(Wicket Gates & Adjustable blades)ပါရှိခြင်း၊ စွမ်းဆောင်ရည်မြင့်မားခြင်း၊ ဒီဇိုင်းကျစ်လျစ်သိပ်သည်းခြင်း၊ သေးငယ်သည့် ရေအားလျှပ်စစ်စက်ရုံများမှ ကြီးမားသောစက်ရုံများအထိ ကုန်ကျစရိတ်သက်သာစွာ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မှုနည်းပါးခြင်း၊ ခေတ်မီတာဘိုင်များတွင် ငါးများသည် တာဘိုင်ဒလက်များအတွင်းမှ အလွယ်တကူဖြတ်သန်းသွားလာနိုင်ခြင်းတို့ကြောင့် run-of-river ရေအားလျှပ်စစ်စီမံကိန်းများစွာတွင် နှစ်သက်စရာရွေးချယ်မှုတစ်ခုဖြစ်လာခဲ့သည်။

၁၉ ရာစုမှစတင်၍ အကောင်အထည်ဖော်တည်ဆောက်ခဲ့ကြသော ရိုင်းမြစ်ပေါ်ရှိ အဆင့်ဆင့်အနိမ့်တမံနှင့် ဓာတ်အားပေးစက်ရုံများကို ခေတ်မီနည်းပညာများအသုံးပြု၍ ပြန်လည်ပြုပြင်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ခဲ့ကြသည်။ ရိုင်းမြစ်ရှိ ရေအားလျှပ်စစ်စက်ရုံများကို ခေတ်မီစေရန် ပြုပြင်ပြောင်းလဲမှုများသည် ဒေသတွင်းရှိ ရေအားလျှပ်စစ်အခြေခံအဆောက်အအုံများ၏ စွမ်းဆောင်ရည်၊ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှုတို့ကိုမြှင့်တင်ရာတွင် အရေးပါသောအချက်တစ်ခုဖြစ်သည်။ ရေအားလျှပ်စစ်ထုတ်လုပ်မှုကိုမြှင့်တင်ရန် တာဘိုင်များအစားထိုးခြင်း သို့မဟုတ် အဆင့်မြှင့်တင်ခြင်း၊ ငါးများဖြတ်သန်းသွားလာနိုင်သောစနစ်များနှင့် ဂေဟစနစ်အပေါ်သက်ရောက်မှုများလျှော့ချခြင်း၊ မြစ်အတွင်း ရေအရည်အသွေးနှင့် ဇီဝမျိုးကွဲများကိုစောင့်ကြည့်လေ့လာခြင်း၊ အနည်အနှစ်ပို့ချမှုများကိုစီမံခန့်ခွဲခြင်း၊ ဆည်များနှင့်အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ခြင်းအစရှိသော ခေတ်မီနည်းပညာများဖြင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ထင်ရှားသောဥပမာတစ်ခုအနေဖြင့်လည်းကောင်း၊ စံပြုထိုက်သော အနိမ့်တမံဓာတ်အားပေးစက်ရုံတစ်ခုအနေဖြင့်လည်းကောင်း Rheinfelden အနိမ့်တမံရေအားလျှပ်စစ်စက်ရုံသည် ရိုင်းမြစ်၏ High Rhine အပိုင်း၊ ဆွစ်ဇာလန်-ဂျာမနီနယ်စပ် Rheinfelden မြို့အနီးတွင်တည်ရှိပြီး ၁၈၉၄ ခုနှစ်တွင်စတင်ကာ ၁၈၉၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ထိုအချိန်က ၎င်းဒေသများသည် စက်မှုလုပ်ငန်းများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လျက်ရှိသောကြောင့် Rheinfelden စက်ရုံကို ဆွစ်ဇာလန်နှင့် ဂျာမနီနိုင်ငံတို့၏ ရိုင်းမြစ်အထက်ပိုင်းဒေသများအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးရန် ရည်ရွယ်ခဲ့ကြသည်။ ၂၀ ရာစု အစောပိုင်းက သုံးစွဲခဲ့သော တာဘိုင်များတပ်ဆင်ထားပြီး တပ်ဆင်စက်အင်အား ၂၅ ဒသမ ၇ မဂ္ဂါဝပ်ရှိသည့် Rheinfelden စက်ရုံကို ထိုစဉ်က နည်းပညာဆိုင်ရာ ကြီးမားသောအောင်မြင်မှုတစ်ခုအဖြစ် မှတ်ယူခဲ့ကြသည်။ စက်ရုံကို မူလက Elektrizitätswerk Rheinfelden AG (ဆွစ်ဇာလန်ကုမ္ပဏီ) နှင့် Rheinfelden Kraftwerk GmbH (ဂျာမနီကုမ္ပဏီ) တို့က စီမံခန့်ခွဲခဲ့ပြီး ပိုင်ဆိုင်မှု၊ လုပ်ငန်းလည်ပတ်မှုနှင့် လျှပ်စစ်မျှဝေသုံးစွဲမှုတို့ကို နှစ်နိုင်ငံကြား ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ဤခွဲဝေပိုင်ဆိုင်မှုပုံစံသည် ဆွစ်ဇာလန်နှင့် ဂျာမနီနိုင်ငံတို့အကြား စွမ်းအင်အရင်းအမြစ်ကို မျှဝေစီမံခန့်ခွဲမှု၏ အောင်မြင်သောဥပမာတစ်ခုဖြစ်သည်။

၁၉၆၀ ပြည့်နှစ်နှင့် ၁၉၇၀ ပြည့်နှစ်တို့တွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက် သိသိသာသာမြင့်တက်လာခဲ့ပြီး လက်ရှိအခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ရန်လိုအပ်လာခဲ့သည်။ ထို့ကြောင့် ၁၉၂၀ ပြည့်နှစ်တွင် စတင်လည်ပတ်ခဲ့သော Rheinfelden မူလစက်ရုံကို ၂၀၀၃ ခုနှစ်တွင် စက်ရုံလည်ပတ်မှုရပ်စဲကာ ဖျက်သိမ်းခဲ့သည်။ လျှပ်စစ်ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရန်၊ ရေထုစီးနှုန်းပိုမိုကောင်းမွန်လာစေရန်၊ ခေတ်မီတာဘိုင်အသစ်များနှင့်လျှပ်စစ်ဓာတ်အားပေးစက်များတပ်ဆင်ပြီး ပိုမိုကောင်းမွန်သောထိန်းချုပ်မှုစနစ်များ အကောင်အထည်ဖော်နိုင်ရန်၊ ငါးများအတွက်ဘေးကင်းသော တာဘိုင်များနှင့် ငါးဖြတ်သန်းနိုင်သောစနစ်များကို ထည့်သွင်းတည်ဆောက်ပြီး ရိုင်းမြစ်၏ဂေဟစနစ်အပေါ် သက်ရောက်မှုကိုလျှော့ချနိုင်ရန်၊ ဆွစ်ဇာလန်နှင့်ဂျာမနီတို့၏ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် ပြန်ပြည့်မြဲစွမ်းအင်တိုးမြှင့်ထုတ်လုပ်ရန်ဟူသည့်ရည်ရွယ်ချက်တို့ဖြင့် စက်ရုံဟောင်းကိုဖျက်သိမ်းခဲ့ပြီး ၂၀၀၃-၂၀၁၀ ပြည့်နှစ်တွင် Rheinfelden ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအသစ် ၁၀၀ မဂ္ဂါဝပ်ကို ပြန်လည်တည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ခဲ့သည်။

Rheinfelden ရေအားလျှပ်စစ်စက်ရုံသည် အခြားရေအားလျှပ်စစ်စက်ရုံများကဲ့သို့ပင် ဒေသတွင်းရွှေ့ပြောင်းငါးမျိုးစိတ်များအတွက် စိန်ခေါ်မှုများဖြစ်ပေါ်စေခဲ့သည်။ ဤသက်ရောက်မှုများကိုလျှော့ချရန်နှင့် ပတ်ဝန်းကျင်ဆိုင်ရာစည်းမျဉ်းများ၊ ဂေဟဗေဒဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီစေရန်အတွက် ၂၀၁၁ ခုနှစ်တွင် သဘာဝငါးသွားလမ်းကြောင်းကို ဒီဇိုင်းရေးဆွဲပြီး အကောင်အထည်ဖော်ခဲ့သည်။ ငါးသွားလမ်းကြောင်းစနစ်ကို ကျောက်တုံးများ၊ ကျောက်ဆောင်များနှင့် ရေတိမ်ဒေသများဖန်တီး၍ သဘာဝမြစ်ကြမ်းပြင်နှင့် နီးစပ်အောင်ပြုလုပ်ထားသည်။ Rheinfelden ငါးသွားလမ်းကြောင်းသည် စွမ်းအင်ထုတ်လုပ်မှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူမှုတို့ကြား ဟန်ချက်ညီစေရန်အတွက်ဖြေရှင်းရာတွင် အောင်မြင်ပြီး တီထွင်ဆန်းသစ်သောနည်းလမ်းတစ်ခုဖြစ်ကြောင်း သက်သေပြခဲ့သည်။ ဤစက်ရုံသည် ဆွစ်ဇာလန်နှင့် ဂျာမနီနိုင်ငံတို့၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ခဲ့ပြီး ဒေသတွင်းရေအားလျှပ်စစ်သမိုင်းကြောင်း ဖွံ့ဖြိုးတိုးတက်မှု၏ ထင်ရှားသောစီမံကိန်းတစ်ခုလည်းဖြစ်သည်။

ရိုင်းမြစ်တစ်လျှောက် အဆင့်ဆင့်အနိမ့်တမံများတည်ဆောက်ထားခြင်းသည် ရေစီးကြောင်းကိုထိန်းညှိပေးခြင်းဖြင့် သင်္ဘောများနှင့်ရေယာဉ်များဘေးကင်းစွာနှင့် ထိရောက်လွယ်ကူစွာ သွားလာနိုင်စေပြီး မြစ်ရေနိမ့်/မြင့်ကိုတည်ငြိမ်စေသည်။ ဤအချက်သည် စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်းများအတွက် အထူးအရေးပါပေသည်။ ရိုင်းမြစ်ဝှမ်းဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် နှင်းများအရည်ပျော်ချိန်များတွင် ရေကြီးမှုများဖြစ်ပေါ်လေ့ရှိသည်။ Cascade Dams များသည် ရေစီးကြောင်းကိုထိန်းညှိပေးခြင်းဖြင့် မြစ်အောက်ပိုင်းတွင် ရေကြီးမှုအန္တရာယ်ကို လျှော့ချပေးသည်။ ရေများပြားသည့်ကာလများတွင် ရေကိုသိုလှောင်ထားပြီး တဖြည်းဖြည်းချင်းလွှတ်ပေးခြင်းဖြင့် ရေကြီးမှုကိုကာကွယ်ပေးသည်။ တမံနှင့်ရေလွှဲဆည်များသည် မြစ်၏ရေစီးကြောင်းကို ထိန်းညှိပေးခြင်းဖြင့် စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းနှင့်အိမ်သုံးရေတို့အတွက် တည်ငြိမ်သောရေအရင်းအမြစ်ကို ထောက်ပံ့ပေးနိုင်သည်။ မိုးများသည့်ကာလများနှင့် ရေခဲပျော်သည့်ကာလများတွင် ရေကိုသိုလှောင်ထားပြီး ခြောက်သွေ့၍ရေထုနည်းသည့်ကာလများတွင် ရေကိုဖြည်းညင်းစွာလွှတ်ပေးခြင်းဖြင့် မြစ်ရေနိမ့်/မြင့်ကိုထိန်းသိမ်းပေးနိုင်ပြီး ဂေဟစနစ်ကိုလည်း အထောက်အပံ့ဖြစ်စေနိုင်သည်။ ရိုင်းမြစ်ပေါ်တွင်ရှိသော အဆင့်ဆင့်အနိမ့်တမံများသည် အကျိုးကျေးဇူးများစွာရှိသော်လည်း မြစ်၏သဘာဝဂေဟစနစ်ကို ထိခိုက်စေခြင်း၊ ငါးများရွှေ့ပြောင်းနိုင်မှုကို ထိခိုက်စေခြင်းနှင့် အနည်အနှစ်စီးဆင်းမှုကိုပြောင်းလဲစေခြင်း၊ ရေအရည်အသွေးနှင့် ဇီဝမျိုးကွဲများအပေါ် သက်ရောက်မှုရှိခြင်း စသည့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများလည်းရှိသည်။

ထို့ကြောင့် အနိမ့်တမံနှင့်စက်ရုံများတည်ဆောက်မှုနှင့် စီမံခန့်ခွဲမှုတွင် ဤအကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစားလာကြပြီး ပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများကိုလျှော့ချရန် ကြိုးပမ်းမှုများပြုလုပ်ခဲ့သည်။ ငါးလှေကား၊ ငါးသွားလမ်းကြောင်းတို့ကိုထည့်သွင်းတည်ဆောက်၍ ရွှေ့ပြောင်းငါးများဖြတ်သန်းသွားလာနိုင်အောင် ကူညီပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်အပေါ် သက်ရောက်မှုကိုလျှော့ချပေးသည်။ အချို့ဆည်များတွင် အနည်အနှစ်များကို ဆည်၏အောက်ဘက်သို့ဖြတ်သန်းစေရန် သို့မဟုတ် ငါးများအတွက် နေထိုင်ရာနေရာများထိန်းသိမ်းနိုင်ရန် သဲနှင့်ကျောက်စရစ်များကို မြစ်အတွင်းသို့ ထပ်မံထည့်သွင်းပေးသောစနစ်များ လုပ်ဆောင်လျက်ရှိသည်။ ရေအရည်အသွေး၊ ငါးမျိုးစိတ်များနှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် သက်ရောက်မှုများကိုလည်း အလေးထားစောင့်ကြည့်ပြီး ရိုင်းမြစ်၏ ဂေဟဗေဒဆိုင်ရာထိခိုက်မှုမရှိစေရေးအတွက်တိုးတက်လုပ်ဆောင်လျက်ရှိသည်။ ရိုင်းမြစ်ပေါ်ရှိ အဆင့်ဆင့်အနိမ့်တမံများတည်ဆောက်ခြင်းသည် ဒေသတွင်းလူမှုစီးပွားဆိုင်ရာ သက်ရောက်မှုများစွာရှိပြီး ပြန်ပြည့်မြဲစွမ်းအင်ထောက်ပံ့မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနေသည်။

**စာမျက်နှာ ၁၄ သို့ ■**

**■ စာမျက်နှာ ၁၃ မှအဆက်**

သို့သော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူထုရွှေ့ပြောင်းမှုများကဲ့သို့သော စိန်ခေါ်မှုများလည်းများစွာရှိနိုင်သည်။ အဆင့်ဆင့်အနိမ့်တမံနှင့် ဓာတ်အားပေးစက်ရုံများရှိခြင်းသည် စွမ်းအင်ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အအုံများတိုးတက်စေခြင်း၊ ဆောက်လုပ်ရေး၊ ထိန်းသိမ်းရေးနှင့် ဆက်စပ်လုပ်ငန်းများတွင် အလုပ်အကိုင်များ ဖန်တီးပေးခြင်းဖြင့် ဒေသတွင်းစီးပွားရေးကိုလည်း များစွာထောက်ပံ့ပေးနေသည်။ ဤစက်ရုံများသည် နိုင်ငံတစ်ခုချင်းစီမှသည် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေပြီး ဥရောပ၏ရေရှည်တည်တံ့သော စွမ်းအင်ထုတ်လုပ်မှုရည်မှန်းချက်များအား ပြည့်မီစေရန်အတွက် အထောက်အကူပြုနေဆဲဖြစ်ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံသည်လည်း ရေအရင်းအမြစ်ပေါကြွယ်ဝပြီး မြစ်ကြီးလေးသွယ်နှင့် မြစ်ငယ်များစွာစီးဆင်းလျက်ရှိနေသည့်အတွက် ရေချိုရရှိနိုင်မှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု၊ ရေကြောင်းသွားလာရေးပိုမိုအဆင်ပြေလွယ်ကူနိုင်မှု၊ မြစ်ကြောင်းဖြောင့်တန်းထိန်းသိမ်းမှုများအား ရေရှည်ဆောင်ရွက်နိုင်မှု စသည့်အကျိုးကျေးဇူးများစွာရရှိနိုင်သည်။

အဆင့်ဆင့်အနိမ့်တမံရေအားလျှပ်စစ်စက်ရုံများတည်ဆောက်ခြင်းအားဖြင့်-

(က) ရနိုင်သမျှ လျှပ်စစ်စွမ်းအင်အား စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ခြင်း

(ခ) မြစ်ကြောင်းအတွင်း သောင်ထွန်းနိုင်မှုအခြေအနေများအား လျှော့ချနိုင်ခြင်း

(ဂ) ရေကြောင်းဖြင့် ကုန်စည်ပမာဏများစွာကို ဈေးနှုန်းသက်သာစွာသယ်ယူပို့ဆောင်ဖြန့်ဖြူးပေးနိုင်ခြင်း

(ဃ) စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းသုံးရေနှင့် မြို့ပြရေလိုအပ်ချက်များအား လုံလောက်စွာထောက်ပံ့နိုင်ခြင်း

(င) အနိမ့်တမံ၏ Crest များအား တံတားအဖြစ်အသုံးပြု၍ ကုန်စည်စီးဆင်းမှုအတွက် ပို့ဆောင်သွားလာဆက်သွယ်နိုင်ခြင်း

(စ) ခြောက်သွေ့ဒေသများအတွက် စိမ်းလန်းစိုပြည်လာနိုင်ပြီး ရာသီဥတုမျှတလာနိုင်ခြင်း

(ဆ) ရေကြီး/ရေလျှံခြင်းနှင့် ရေလွှမ်းမိုးမှုမှကာကွယ်နိုင်ခြင်း

(ဇ) ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း

(ဈ) အနိမ့်တမံနှင့် ဓာတ်အားပေးစက်ရုံ ပတ်ဝန်းကျင်ဒေသများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း

(ည) မြစ်ကြောင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တစ်ပါတည်းစောင့်ကြည့်ဆောင်ရွက်ခြင်းဖြင့် ရေအရင်းအမြစ်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေနိုင်ခြင်း

(ဋ) ရေစုပ်တင်သိုလှောင်စနစ် ရေအားလျှပ်စစ်စက်ရုံများတည်ဆောက်ရန် အထောက်အပံ့ဖြစ်စေခြင်း စသည့်လက်ငင်းအကျိုးကျေးဇူးများစွာကို ရရှိနိုင်သည်။ ဥရောပ၏ နှလုံးသည်းပွတ်ဖြစ်သော ရိုင်းမြစ်အား ထိရောက်အကျိုးရှိစွာအသုံးပြုလျက် ရေရှည်ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ခြင်းအတွက် ဆောင်ရွက်နေမှုများကိုလေ့လာပြီး အနာဂတ်မြန်မာနိုင်ငံအတွက်လည်း ထိုကဲ့သို့အကျိုးကျေးဇူးများစွာရရှိနိုင်သော ရေအရင်းအမြစ်များ၊ အလားအလာကောင်းများကိုအသုံးချ၍ နိုင်ငံတော်၏ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။

# အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်လှစ်

မော်လမြိုင် မေ ၁၄

၂၀၂၅ ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက် ၂၅နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေလ ၁၃ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါဘော်လီဘောပြိုင်ပွဲသို့ မော်လမြိုင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံ၊ ရေး၊ သံဖြူဇရပ်၊ ဘီးလင်း၊ ကျိုက်ထို၊ ပေါင်မြို့နယ်နှင့် သထုံမြို့နယ်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အဖွင့်ပွဲစဉ်အဖြစ် မော်လမြိုင်မြို့နယ်အသင်းနှင့် သံဖြူဇရပ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မော်လမြိုင်မြို့နယ်အသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသည်။



အဆိုပါ ၂၀၂၅ ခုနှစ် မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲကို မေလ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိကြောင်း သိရသည်။

(၄၀၆)

# ကျွန်းစုမြို့နယ်၌ ဒူးရင်းသီးများလှိုင်လှိုင်ထွက်ရှိ၍ စိုက်ပျိုးသူများအဆင်ပြေ

ကျွန်းစု မေ ၁၄

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ ဒူးရင်းသီးများလှိုင်လှိုင်ပေါ်ပြီး အရောင်းသွက်နေခြင်းကြောင့် ဒူးရင်းခြံရှင်များအဆင်ပြေလျက်ရှိကြောင်းသိရသည်။

ကျွန်းစုမြို့နယ်အတွင်းရှိကျေးရွာများ၌ ဧပြီလ တတိယပတ်မှစပြီး ဒူးရင်းသီးများစပေါ်ကာ ယခုအခါတွင် ဒူးရင်းသီးမှည့်များ လှိုင်လှိုင်ထွက်ရှိ၍ ကပကျေးရွာအုပ်စုနှင့် မိုင်းတွေးကျေးရွာအုပ်စုတို့၌ အများဆုံးထွက်ရှိသည်။



အဆိုပါ ဒူးရင်းသီးမှည့်များကို ကျွန်းစုမြို့ပေါ်ဈေးနှင့် မြိတ်မြို့သို့ အများဆုံးတင်ပို့ရောင်းချရပြီး ဝယ်ယူစားသုံးသူများနေခြင်းကြောင့် အရောင်းသွက်လျက်ရှိသည်။

"ဒူးရင်းသီးမှည့်တွေက ဒေသမျိုး ခြံထွက်အသီးတွေပါ။ ကျွန်မတို့ ကပကျေးရွာကနေပြီး လာရောက်ရောင်းချတာပါ။ အများစားနိုင်တဲ့ဈေးနဲ့ အဆင်ပြေစွာရောင်းချပေးပါတယ်။ ရောင်းအားလည်းကောင်းပါတယ်"ဟု ကပကျေးရွာမှ ဒူးရင်းခြံပိုင်ရှင်တစ်ဦးကပြောသည်။

လက်ရှိတွင် အလုံးအရွယ်အစား အကြီးအသေးအလိုက် ဒူးရင်းသီးများဈေးနှုန်းကွာခြားမှုရှိပြီး ဝယ်လက်များနှင့် ဖောက်သည်မှာယူသူများကို ရောင်းချရကာ ဒူးရင်းသီးများအရောင်းသွက်နေခြင်းကြောင့် ဒူးရင်းခြံရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ (၄၁၂)

# အညွန့်တလူလူ ငါတို့လူသား

❖ သဘာဝဘေး၊ ရှောင်ပြေးမရ
ကြုံခဲ့ကြသော်၊ ဆုံခဲ့ရသော်
ဒုက္ခမျိုးစုံ ပြောမကုန်။

❖ အသက်ခန္ဓာ၊ ဥစ္စာစည်းစိမ်
အိုးအိမ်များစွာ၊ အရာရာလျှင်
ဘာဆိုဘာမှ၊ တားမရအောင်
မြေခပျက်စီး ရတက်မီး။

❖ ဆုံးရှုံးသမျှ၊ သင်္ခါရမို့
တမ်းတမတွေး၊ တို့ရှေ့ရေးတွက်
အားမွေးကြစို့ နောင်ညီတို့။

❖ အညွန့်တလူလူ
ငါတို့လူသား၊ စွမ်းပကားနဲ့
တားဆီးခက်ကြုံ၊ မည်သို့ဆိုလည်း
တုန်လှုပ်မှုကင်း၊ ရဲရင့်ခြင်းနဲ့
ဖြိုခွင်းအမှောင်၊ ဆောင်ယူအလင်း
ကောင်းခြင်းဆင့်ထပ်၊ အနာဂတ်ကို
ပေါင်းစပ်ဖန်တီးကြပါစို့။
ဘဝသစ်ကို တည်ဆောက်စို့။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

# ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများဆောင်ရွက်

မအူပင် မေ ၁၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို မေလ ၁၄ ရက် နံနက်ပိုင်းတွင် အမှတ်(၇)ရပ်ကွက်၌ဆောင်ရွက်သည်။

ရှေးဦးစွာ မအူပင်မြို့ အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မအူပင်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးသက်က ရပ်ကွက်၊ ကျေးရွာများ၌ မိုးရာသီကာလအတွင်းဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအား အသိပညာပေးဟောပြောပြီး ရပ်ကွက်အတွင်း ပိုးလောက်လမ်းပေါက်ပွားနိုင်သည့်နေရာများအား ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်း၍ဆောင်ရွက်ကြပြီး သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုမဖြစ်ပွားစေရေးအတွက် အဘိတ်ဆေးခတ်ခြင်းကို ခြောက်ပတ်လျှင်တစ်ကြိမ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၅-၅-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |



# ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ဆန်များပေးအပ်

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ပန်းတနော်မြို့နယ်အတွင်း ဒေသအသီးသီးမှ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှထောက်ပံ့သည့် ရန်ပုံငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) ရွှေနော်သီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ပန်းတနော်မြို့နယ်အတွင်း ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်နှင့် မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်တို့က တစ်ဦးလျှင် ငွေကျပ် ၄၀၀၀၀ နှင့် ဆန်တစ်ပြည်နှုန်းဖြင့် ယာယီနေရပ်စွန့်ခွာသူ စုစုပေါင်း ၂၇၃ ဦးအတွက် ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ (ယူအေအီး)ဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဦးကျော်ကျော်မင်းအား ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံရုံးယာယီတာဝန်ခံ/သံအမတ်ကြီး ဦးကျော်ကျော်မင်းအား အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ (ယူအေအီး) ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

မြဝတီ

၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
ဇွန်လ(၅)ရက်






❒ ရှေ့ဖုံးမှအဆက်

လက်ခံရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှတာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing ထံမှ လွှဲပြောင်းလက်ခံရယူကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မန္တလေးမြေငလျင်ဘေးသင့်ပြည်သူများနှင့် ယင်းဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌အသုံးပြုရန် ပေးပို့လှူဒါန်းလျက်ရှိရာ ယနေ့လွှဲပြောင်းလက်ခံမှုသည် (၁၄)ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာသည့် Operation Room ၉၅ လုံးအား ကျန်းမာရေးဝန်ကြီးဌာနမှ ငလျင်ဘေးသင့်ဒေသများသို့ ပို့ဆောင်သွားမည်ဖြစ်ပြီး Modular (prefabricated) house ၁၈၀၄ လုံးကို SOUTHERN VENTURE သင်္ဘောပေါ်မှ ကုန်တင်ကားပေါ်သို့ ကရိန်းဖြင့်ချနေသည့်အခြေအနေများအားလည်းကောင်း၊ ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာ့မီးရထားဖြင့်သယ်ယူပို့ဆောင်နိုင်ရေး ကုန်တင်ကားပေါ်မှ ရထားတွဲပေါ်သို့ကရိန်းဖြင့် တင်ဆောင်နေသည့်အခြေအနေများအားလည်းကောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ဝန်းရံခ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၂၅ | ၂၉၃၅ | ၂၉၀၅ | ၂၈၄၀ | ၂၉၄၅ | ၂၉၆၀ | ၂၉၇၅ | ၂၈၉၅ | ၄၅၀၅ | ၃၁၉၀ | ၂၉၁၀ | ၂၉၁၅ | ၂၉၈၅ | ၂၉၅၀ | ၂၉၇၀ | ၃၂၂၅ |
| 95 Ron | ၂၈၈၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၆၀ | ၃၂၄၅ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၀၅ | ၃၀၃၀ | ၃၂၈၅ |
| HSD (500 ppm) | ၂၄၁၅ | ၂၅၂၅ | ၂၄၉၅ | ၂၄၃၀ | ၂၅၃၅ | ၂၅၅၀ | ၂၅၆၅ | ၂၄၈၅ | - | ၂၇၈၀ | ၂၅၀၀ | ၂၅၀၅ | ၂၅၇၅ | ၂၅၄၀ | ၂၅၆၀ | ၂၈၁၅ |
| HSD (50 ppm) | ၂၉၈၀ | ၃၀၉၅ | ၃၀၆၀ | ၂၉၉၅ | ၃၁၀၀ | ၃၁၁၅ | ၃၁၃၀ | ၃၀၅၀ | ၄၈၃၀ | ၃၃၄၅ | ၃၀၇၀ | ၃၀၇၀ | ၃၁၄၀ | ၃၁၀၅ | ၃၁၂၅ | ၃၃၈၅ |
| HSD (10 ppm) | ၂၉၈၀ | ၃၀၉၅ | ၃၀၆၀ | ၂၉၉၅ | ၃၁၀၀ | ၃၁၁၅ | ၃၁၃၀ | ၃၀၅၀ | - | ၃၃၄၅ | ၃၀၇၀ | ၃၀၇၀ | ၃၁၄၀ | ၃၁၀၅ | ၃၁၂၅ | ၃၃၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၆၀ | ၂၇၄၇ |
| 95 Ron | ၂၇၁၇ | ၂၈၀၅ |
| HSD (500 ppm) | ၂၂၆၂ | ၂၃၃၇ |
| HSD (50 ppm) | ၂၈၁၁ | ၂၈၉၇ |
| HSD (10 ppm) | ၂၈၁၁ | ၂၈၉၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၁၄

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မန္တလေးငလျင်ကြီးဖြစ်ပွားခဲ့သည့်ဒေသများတွင် ICRC မှ ငလျင်ဘေးသင့်ပြည်သူများအတွက် ကူညီဆောင်ရွက်ပေးခဲ့မှုအခြေအနေများ၊ ICRC အနေဖြင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

မြဝတီ

# အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သည့် အင်အားပြင်းထန်သောငလျင်ဒဏ်နှင့် ကြီးမားသော ရေကြီးရေလျှံမှုဒဏ်ခံနိုင်မည့် ဒီဇိုင်းပုံစံကို ရေးဆွဲဆောင်ရွက်သွားမည့် အခြေအနေများဆွေးနွေး

နေပြည်တော် မေ ၁၄

အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ခဲ့သည့် ရေလှောင်တမံနှင့်ရေအားအဆောက်အအုံများအား မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီနှင့်ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်းတို့မှ အင်ဂျင်နီယာ



ပညာရှင်များ ပူးပေါင်းကွင်းဆင်းပြီး လေ့လာတွေ့ရှိချက်များနှင့်ပတ်သက်၍ ပြန်လည်ပြုပြင်တည်ဆောက်ရန် နည်းပညာဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ထိန်းသိမ်းစီမံလျက်ရှိသည့် ရန်အောင်မြင်ရေလှောင်တမံ၊ ချောင်းမကြီးရေလှောင်တမံနှင့် ရေငန်းရေလှောင်တမံများတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့မှုများအပေါ် ပြန်လည်ပြုပြင်တည်ဆောက်မည့်အစီအမံများ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းစီမံလျက်ရှိသည့်ရေလှောင်တမံများ ထိခိုက်ခဲ့မှုအပေါ် ပြန်လည်ပြုပြင်တည်ဆောက်မည့်အစီအမံများကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

၎င်းအပြင်မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ရှိ အသစ်ပြန်လည်တည်ဆောက်ဆဲဖြစ်သော စမုံရေငုတ်ပွန်၏ အောက်ခံမြေသားနှင့် အုတ်မြစ်ပိုင်းထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ဆောင်ရွက်ဆဲစမုံရေငုတ်ပွန်အား နေရာပြောင်းရွှေ့တည်ဆောက်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

အလားတူ အနာဂတ်တွင်ဖြစ်ပေါ်လာနိုင်သည့် အင်အားပြင်းထန်သောငလျင်ဒဏ်နှင့် ကြီးမားသော ရေကြီးရေလျှံမှုဒဏ်ခံနိုင်မည့် ဒီဇိုင်းပုံစံကို ရေးဆွဲဆောင်ရွက်သွားမည့် အခြေအနေများနှင့် ဆောင်ရွက်ပြီးရေလှောင်တမံနှင့်ရေအားအဆောက်အအုံများကိုလည်း ပိုမိုခိုင်ခံ့စေရန် အားဖြည့်ပြုပြင်သွားရန် လိုအပ်မှုအခြေအနေများကို အလေးအနက်ထားဆွေးနွေးခဲ့ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဆည်မြောင်း ဝန်ထမ်းဟောင်းများအသင်းမှ အင်ဂျင်နီယာပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ မြဝတီ

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတွင်အသုံးပြုရန် ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



နေပြည်တော် မေ ၁၄

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတွင် အသုံးပြုရန်အတွက် ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဧည့်တွေ့ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူး Mr.Li Qianguo က ရုံးလုပ်ငန်းသုံးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က မန္တလေးငလျင်ကြီးဘေးဒဏ်ကြောင့် ရုံးလုပ်ငန်းသုံးစက်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရသည့်အတွက် ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ယခုကဲ့သို့ ထောက်ပံ့ပစ္စည်းများ လာရောက်ထောက်ပံ့လှူဒါန်းပေးသည့်အတွက် ပြည်ထောင်စုဝန်ကြီးကိုယ်စား အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ တရုတ်နိုင်ငံ ချန်ဒူးမြို့၌ကျင်းပမည့် ကမ္ဘာ့အားကစားပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်နှင့် ဆွေးနွေးပြောကြားခဲ့သည့် အချက်အလက်များကို ပြည်ထောင်စုဝန်ကြီးထံ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူး Mr.Li Qianguo က ရုံးသုံးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။ မြဝတီ

# ငလျင်ဘေးသင့်ဒေသ ပြည်သူများသို့ ပြည်တွင်း ပြည်ပအလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့

နေပြည်တော် မေ ၁၄

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် မေလ ၁၄ ရက်အထိ သေဆုံးသူ ၃၇၂၃ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၈၄ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများ ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၀၀ ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေလ ၁၃ ရက် ညနေ ၅ နာရီမှ မေလ ၁၄ ရက် ညနေ ၅ နာရီအတွင်း မလေးရှားနိုင်ငံ ဆီလန်ဂေါ်ပြည်နယ်ရှိ KRI SAKTHI NYANAETHIRA KANIMADAM YOGI RAMSURATKUMAR SHIRAMAM and PERSATUAN RENGANUT DEVI SHRI KARUMARIAMMAN TEMPLE က မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ တစ်ဆင့်လှူဒါန်းသည့် ခေါင်းအုံး၊ စောင်၊ ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် ငါးသေတ္တာ အလေးချိန် သုည ဒသမ ၃၅၈ တန်ရောက်ရှိခဲ့ပြီး အဆိုပါ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ် အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

မြဝတီ

# ဝန်ကြီးဌာနများ၌ Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများနှင့် တပ်ဆင်လျက်ရှိသည့် အခြေအနေများ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဒေါက်တာစိုးဝင်း ကြည့်ရှုစစ်ဆေး





နေပြည်တော် မေ ၁၄

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီအဖွဲ့ဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့သည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့၌ Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများနှင့် တပ်ဆင်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ဥပဒေရေးရာဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့အား တရုတ်နည်းပညာရှင်အဖွဲ့မှ တာဝန်ရှိသူများက Prefabricated Office များ၏ Models၊ အချက်အလက်များနှင့် တပ်ဆင်ရာတွင် ဆောင်ရွက်သွားရမည့် အင်ဂျင်နီယာပိုင်းဆိုင်ရာ နည်းပညာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ရုံးဝင်းအတွင်း တရုတ်နည်းပညာရှင်အဖွဲ့မှ Prefabricated Office များ တပ်ဆင်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ ရောက်ရှိကြပြီး ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့်အတူ အဆိုပါ ရုံးဝင်းအတွင်း Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများနှင့် တပ်ဆင်လျက်ရှိသည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ရောက်ရှိကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်အတူ အဆိုပါရုံးဝင်းအတွင်း Prefabricated Office များ တပ်ဆင်ပြီးစီးမှုအခြေအနေများနှင့် တပ်ဆင်လျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်

မုံရွာ မေ ၁၄

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ ပြည်သူ့အားကစားကွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အသင်းအုပ်ချုပ်သူများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဟုမ္မလင်းမြို့နယ် ဘော်လီဘောအသင်းနှင့် ခန္တီးမြို့နယ် ဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများအား ကြည့်ရှုအားပေးရာ ခန္တီးမြို့နယ်အသင်းက ဟုမ္မလင်းမြို့နယ်အသင်းအား အနိုင်ရရှိသွားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အမျိုးသား၊ အမျိုးသမီး အားကစားသမားများအား ငွေသားဆုနှင့်ဆုတံဆိပ်များအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် မုံရွာမြို့နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ်နှစ်သိန်းအားလည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် တတိယဆုရရှိသည့် စစ်ကိုင်းမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ် နှစ်သိန်းအားလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် စစ်ကိုင်းမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ်သုံးသိန်းအားလည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဇော်ထူးက အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ဟုမ္မလင်းမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုငွေကျပ်သုံးသိန်းအားလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ချောင်းဦးမြို့နယ်အသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ခန္တီးမြို့နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုငွေကျပ်ငါးသိန်းစီနှင့် ဒိုင်းဆုများအား ပေးအပ်ချီးမြှင့်ကာ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် စစ်ကိုင်းတိုင်းဒေသကြီး ဘောလုံးအသင်း စခန်းသွင်းလေ့ကျင့်နေမှုများအား ကြည့်ရှုခဲ့ကြပြီး နည်းပြများ၊ အားကစားသမားများနှင့်တွေ့ဆုံကာ စခန်းသွင်းလေ့ကျင့်နေစဉ်ကာလအတွင်း လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ဝန်ထမ်းများအတွက် ယာယီဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးနေမှုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့သို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြောက်လွှတ်ကုန်းသင်တန်းဆောင်၌ နှစ်ခန်းတွဲ အရာထမ်းအိမ်ရာငါးလုံးတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ယန္တရားဝင်းအတွင်း ပစ္စည်းသိုလှောင်ရုံများ၌ အမှုထမ်းများအတွက် အခန်း ၄၈ ခန်း ဖွဲ့စည်းနေရာချထားမှုအခြေအနေနှင့် ထမင်းဟင်းချက်ပြုတ်ရန် စီစဉ်ပေးထားသောနေရာကိုလည်းကောင်း၊ သောက်သုံးရေသွယ်တန်းပေးထားမှုကိုလည်းကောင်း၊ ရှစ်ခန်းတွဲတည်ဆောက်ပေးထားသည့် သန့်စင်ခန်းများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကာ မေလတတိယပတ်အတွင်း လုပ်ငန်းများအပြီးဆောင်ရွက်၍ ဝန်ထမ်းမိသားစုများကို စနစ်တကျနေရာချထားပေးရန်၊ မိုးတွင်းကာလ ရေမဝပ်စေရေးနှင့် အမိုးအကာများ လုံခြုံမှုရှိစေရေး ဂရုပြုဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းရုံးမြေနေရာ၌ ဝန်ထမ်းများယာယီနေထိုင်နိုင်ရေး လေးခန်းတွဲအရာထမ်းအိမ်ရာရှစ်လုံး တည်ဆောက်နေရာချထားမှုနှင့် ပတ်လမ်းဆောင်ရွက်နေမှု၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်သို့ သွားရောက်၍ Prefabricated Modular House အလုံး ၂၀ ထားရှိမည့်မြေနေရာကို ကြည့်ရှုစစ်ဆေးကာ Prefabricated Modular House များရရှိသည်နှင့်အမြန်တည်ဆောက်နေရာချထားပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ



MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Merchants supply 70,000 baskets of 75-day paddy to Yangon market



PANTANAW May 14

Businesspersons from Pantanaw Township of Ayeyawady Region sent 70,000 baskets of 75-day paddy to Yangon market said Daw Myint Myint, the owner of rice and paddy trading in Pantanaw Township.

Paddy traders from Pantanaw Township were able to sell up to 70,000 baskets of the 75-day paddy variety to the Yangon market.

"In the past month alone, we exported and sold up to 70,000 baskets of the 75-day paddy to the Yangon market. From our side, we primarily export paddy, rice, and other agricultural produce to Yangon. The demand from the Yangon market was strong, which led to the increase in exports," said Daw Myint Myint, a rice and paddy trader from Pantanaw Township.

"Currently, paddy prices are still rising. There's continued demand from the Yangon market for the 75-day paddy variety this month as well. Compared to other types of paddy, the 75-day variety has seen higher trading volume both last month and recently," she added.

With the improvement in paddy sales, farmers, traders, laborers involved in loading and unloading, and truck rental businesses have all gained employment opportunities.

SMK

## More than 4,000 acres of green peas harvested in Htigyaing Township

HTIGYAING May 14

Statistics of Htigyaing Township Agriculture Department mentioned that local farmers have harvested 4,710 acres of green peas planted in cold season in Htigyaing Township of Sagaing Region.

They planted 4,710 acres of green peas in the township, and so far, they have reaped all sown acreage of green pea, yielding 18.24 baskets per acre.

U Ko Ko Aung, Head of Htigyaing Township Agriculture Department, said: "In Htigyaing Township, during the winter crop season, a total of 4,710 acres of green peas have been cultivated to increase the production of various types of beans and pulses and to ensure food security. At present, all of the cultivated green pea fields have been fully harvested. Green peas are a crop with high domestic consumption, so there is a stable market for them, and farmers are doing well."

The Htigyaing Township Agriculture Department has encouraged green pea farmers in areas such as boosting yield, selecting quality and regionally appropriate seeds, using quality strains, proper cultivation techniques, pest and disease control, proper use of fertilizers, and enhancing productivity.

This winter crop season, for the cultivation of various types of beans, the relevant township agriculture departments have collaborated with farmers by providing high-quality and quality seeds, necessary agricultural inputs, and post-harvest technologies to ensure better yield and quality of the bean crops.

SMK

## Nyaungdon Township ships large number of Hamilton's carps to Yangon market



NYAUNGDON May 14

A large number of Hamilton's carps were shipped to the Yangon market from Nyaungdon Township in March, said Daw Than Than Oo, a seafood market operator in Wakema Township, Ayeyawady Region.

Nyaungdon Township transported 75,000 visses of carps to the Yangon market. The sale was boosted by the good demand for these fish in the Yangon market.

"The current price of carps is not bad. The fish market here is not getting enough fish, and the Yangon Region is buying fish, so we have increased the sale of fish. Other fish are also in high demand. Although the demand for fish from the Yangon market has increased, the price has not increased much," she said.

In Nyaungdon Township, local seafood traders are buying seafood and transporting it to the local market as well as the Yangon market. The price of carp is varied between Ks-15,500 and Ks-18,500 per viss.

SK

## Shwebo District reaps more than 6,000 acres of winter sunflower

SHWEBO May 14

According to records from the Department of Agriculture in Shwebo District, Sagaing Region, the sunflower crops planted during the winter growing season have been fully harvested in the district, covering a total area of 6,391 acres.

During this winter season in Shwebo District, sunflowers were cultivated on up to 6,391 acres, and harvesting began in January of this year. As of today, 100 percent of the cultivated area has been harvested, with an average yield of 27.35 baskets per acre.

"The total area cultivated with sunflowers during the winter season in Shwebo District was 6,391 acres. Now, all of those fields have been completely harvested. We're expanding the cultivation of oil-producing crops like sunflowers to reduce the need for importing palm oil. Among oil crops, sunflowers produce more oil per acre than crops like sesame or groundnuts. Sunflowers are grown exclusively in the winter here," said Daw Zar Zar Min, Assistant Director of the Shwebo District Agriculture Department.

In the district, Shwebo Township harvested 345 acres of sunflower, KhinU Township 1,457 acres, Wetlet Township 4,440 acres and Kyaukmyaung Sub-township 149 acres, totalling 6,391 acres.

To support the expansion of sunflower cultivation in the district, the respective township agriculture departments have increased the frequency of educational training sessions. These sessions are aimed at enhancing the skills of both staff and farmers involved in sunflower farming.

Moreover, in Shwebo District, measures have been taken to support sunflower farmers by supplying quality seeds, selling fertilizers like urea at affordable prices, and distributing new sunflower varieties through a farmer-to-farmer exchange system.

SK

# Farmers harvest more than 8,000 acres of maize and sweet corns in Monywa Township



MONYWA May 14

Statistics of Monywa Township Agriculture Department stated that a total of 8,199 acres of maize and sweet corns have been reaped in Monywa Township of Sagaing Region.

During the winter crop season in Monywa Township, a total of 8,199 acres of maize and sweet corns were cultivated. Among these, harvesting began in January of this year, and as of today, 979 acres of maize have been harvested, yielding an average of 43.51 baskets per acre. For sweet corn, 7,220 acres have been harvested, producing more than 13,000 corns per acre.

"The winter crop season in Monywa Township saw a total of 8,199 acres planted with maize and sweet corn. All of these fields have now been fully harvested. To ensure successful yields, we provided educational outreach and took preventive measures to protect against pests and diseases," said U Soe Thet Aung, Head of Department of Agriculture for Monywa Township.

Officials of Monywa Township Agriculture Deparment conduct training course for enhance of capacity of local farmers and agricultural staff to grow maize and sweet corns, giving techniques to make pesticides for prevention of FAW.

In Monywa Township, maize yields more than 50 baskets per acre and local farmers need to cost Ks-500,000 per acre in growing maize. Likewise, they need to spend more than Ks-500,000 per acre in growing sweet corns which can produce some 15,000 corns per acre. **SMK**

# Katha Township finishes harvest of kidney bean



KATHA May 14

All sown acreage of kidney bean has been harvested in Katha Township of Sagaing Region, according to the statistics of Katha Township Agriculture Department.

Local farmers planted 15,176 acres of kidney bean in cultivation of crops in cold season. Starting from January this year, they harvested kidney bean. Now, all sown acreage of crops has been harvested, yielding 16.65 baskets per acre.

"During the winter crop season in Katha Township, only up to 15,176 acres of kidney bean could be cultivated. At present, harvesting has been fully completed across all cultivated acres. Farmers were even able to expand cultivation beyond the initially estimated acreage. In order to improve yield and quality, the Department of Agriculture collaborated with farmers by providing quality seeds, necessary inputs, and post-harvest technology support," said U Ko Lay, head of the Katha Township Department of Agriculture.

It is also reported Katha Township Agriculture Department raised farmer awareness to grow kidney bean in the township with agricultural knowledge. It aims to encourage farmers to expand sown acreage of crops, improve yields, adopt Good Agricultural Practices (GAP), grow high-quality and pure seeds, and use high-yield crop varieties.

Crops grown using GAP methods are said to have better quality compared to those grown using other methods. They fetch better prices and are not only suitable for local markets but also meet the quality standards for export to international markets. Therefore, farmers who adopt these GAP methods are seeing increased benefits and profitability.

**SMK**

# More than 5,000 acres of winter peanut harversted in Kalewa Township

KALEWA May 14

According to records from the Kalewa Township Department of Agriculture in Sagaing Region, a total of 5,380 acres of groundnuts planted during the winter crop season has now been harvested in Kalewa Township.

It is reported that during the winter crop season in Kalewa Township, up to 5,380 acres of groundnuts were successfully cultivated. Harvesting of these groundnut fields began in January of this year, and as of now, 100 percent of the acreage has been harvested. The yield was reported to be 71.78 baskets per acre.

"The total cultivated area for groundnuts during the winter crop season in Kalewa Township reached 5,380 acres. Currently, all of the cultivated land has been fully harvested. Cultivation exceeded the initially estimated acreage. The groundnut farming has been successful. As an oil crop, groundnuts are doing well and we are seeing year-on-year improvement in production," said U Myo Naing, Head of Kalewa Township Department of Agriculture.

For groundnut cultivation in Kalewa Township, about one and a half baskets of seeds are sown per acre. The total cost per acre—including seed costs, labour wages, fertilizers, and pesticides—is over Ks-200,000. It is reported that the yield per acre exceeds 50 baskets.

To ensure successful groundnut cultivation, avoid pest and disease outbreaks, and keep the fields weed-free, staff from the township's Department of Agriculture conducted field inspections and maintained monitoring records.

**SK**

# Harvest of black gram on more than 3,000 acres of croplands completes in Mingin Township

MINGIN May 14

According to records from the Mingin Township Agriculture Department in Sagaing Region, the harvest of 3,002 acres of black gram cultivated during the winter crop season in Mingin Township has now been completed.

During the winter crop season in Mingin Township, a total of 3,002 acres of black gram were planted. Harvesting began in February this year, and as of now, 100 percent of the cultivated acres have been harvested. The yield has averaged 19.03 baskets per acre.

Daw Hayman Kyaw Win, Head of the Mingin Township Agriculture Department, said, "In Mingin Township, up to 3,002 acres of black gram were cultivated during the winter crop season. At present, harvesting has been completed for all cultivated acres. The cultivation of black gram exceeded the initially estimated acreage. During the growing season, we also provided on-ground support regarding necessary techniques, quality seeds, and methods for pest and disease prevention."

The township's agriculture department has provided local farmers with guidance on selecting suitable and high-quality seed varieties, maintaining proper cultivation systems, preventing pest infestations, and systematic use fertilizers effectively to ensure good yields.

During this year's winter crop season, in the cultivation of various types of pulses and beans, relevant township agriculture departments collaborated with farmers to improve both the yield and quality of crops by providing pure and quality seeds, nutrient support, and post-harvest techniques. **SK**

# Putin calls Malaysia 'reliable,significant' partner of Russia



MOSCOW May 14

Russian President Vladimir Putin at a meeting with Malaysian Prime Minister Anwar Ibrahim in Moscow on Wednesday called Malaysia a reliable and important partner for Russia.

The Malaysian prime minister arrived in Moscow for an official visit on Tuesday.

"Dear Mr. Prime Minister, dear friends, allow me to welcome you cordially in Moscow. Malaysia is our long-standing, very reliable and significant partner both in general and in Southeast Asia," Putin said during the meeting.

Economic ties between Russia and Malaysia are stable, the Russian president said, adding that although bilateral trade decreased only insignificantly last year, it remains good.

"The Intergovernmental Commission should pay attention to this, look for reasons and do everything to get to a positive trend of development," Putin added. **Sputnik**

# India and Pakistan engage in tit-for-tat expulsion of diplomats

NEW DELHI May 14

India and Pakistan each expelled diplomats from the other's high commission on Tuesday, accusing them of espionage. The move has further strained relations amid border tensions.

New Delhi first ordered the expulsion of a Pakistani diplomat, citing "activities beyond his official role" and suggesting that the unnamed official was engaged in espionage. India also issued a formal protest to the Pakistani charge d'affaires in New Delhi regarding the official's actions, the Indian Foreign Ministry said in a statement.

Pakistan responded by asking an unnamed Indian diplomat in Islamabad to leave the country, according to a Pakistani Foreign Ministry statement.

"The Government of Pakistan has declared a staff member of the Indian High Commission, Islamabad, as persona non grata for engaging in activities incompatible with his privileged status," the ministry said on Tuesday. Islamabad also followed in Delhi's footsteps with its own demarche.

The measures come days after a military pause was announced between the South Asian neighbors, following a brief showdown. It also follows the downgrading of diplomatic ties, announced by the two countries last month after the April 22 terrorist attack in the Indian Union Territory of Jammu and Kashmir that claimed 26 civilian lives.

Immediately after the attack, New Delhi implemented significant measures to reduce its diplomatic and trade relations with Islamabad, affecting diplomatic missions and visa services to Pakistani nationals. India also suspended the Indus Waters Treaty, which allows the two countries to share the waters of the Indus River system.

Indian media reports said the expulsion of the Pakistani diplomat was related to leaks of sensitive information and photographs of Indian Army cantonment areas and air bases to Pakistan's intelligence agency. On Sunday, police in the Indian state of Punjab arrested two individuals for allegedly leaking classified Indian Army information to a Pakistani handler, India Today reported. **RT**

# At least 65 dead in Israeli airstrikes in N. Gaza: official



GAZA May 14

At least 65 Palestinians were killed in Israeli airstrikes on six residential buildings in the Jabalia refugee camp and the nearby town of Jabalia in northern Gaza early on Wednesday, Palestinian civil defence and medical officials said.

The strikes hit the targets while residents were asleep, according to Mahmoud Basal, a spokesperson for Gaza's Civil Defense. "Most of the victims are women and children," he told Xinhua, adding that rescue efforts were hindered by a shortage of equipment and resources. "We are witnessing scenes of destruction and casualties on a daily basis," he said.

A medical source at the Indonesian Hospital, one of the few functioning facilities in the north, said emergency surgeries and amputations were being performed in the corridors. The hospital, the source said, was overwhelmed and struggling to cope with the influx of casualties.

Eyewitnesses said the targeted homes belonged to local families and were sheltering displaced people who had fled fighting elsewhere in the enclave.

There was no immediate comment from the Israeli military on the Jabalia strikes.

The strikes in Jabalia came hours after an Israeli air raid near the European Hospital in Khan Younis, in southern Gaza, killed at least 28 people, including patients, caregivers, and people seeking shelter nearby, according to the Gaza-based health authorities.

The Israeli army said the Khan Younis strike targeted Mohammed Sinwar, a senior commander in the military wing of Hamas and the brother of the group's former leader, Yahya Sinwar. Hamas has not commented on the allegation.

Israel's military campaign in Gaza, launched after Hamas-led attacks on southern Israel on October 7, 2023, has so far killed 52,928 Palestinians, Gaza health authorities said on Wednesday.

Humanitarian conditions in the territory continue to deteriorate, with large-scale destruction, limited access to aid, and worsening shortages of food, water, and medical supplies. Aid agencies have warned that civilians, particularly women and children, are bearing the brunt of the ongoing conflict. **Xinhua**

# Gov't forces kill 31 Naxals in India's Chhattisgarh gunfight

NEW DELHI May 14

Government forces killed 31 Naxals during an operation in the central Indian state of Chhattisgarh, federal home minister Amit Shah said Wednesday.

The anti-Naxal operation was carried out by the joint contingents of police and paramilitary in the Karegutta hills of Bijapur district, about 450 km south of Raipur, the capital city of Chhattisgarh.

Shah described the killing as a "historic breakthrough" in India's fight against Naxals, saying Karegutta hill was the unified headquarters of big Naxal organizations, where along with Naxal training, strategies and weapons were also developed.

Meanwhile, Director General of the paramilitary Central Reserve Police Force Gyanendra Pratap Singh told media they have made huge recovery of arms and ammunition during the operation spread over an area of 1,200 square km.

India's federal government has resolved to eradicate Naxalism before March 31, 2026.

India's former Prime Minister Manmohan Singh once termed the Naxalite movement as India's "greatest internal security challenge."

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Scientists discover particular working pattern can cause brain damage - and it's not shift work



Working 52 hours or more each week harms people's memory and problem solving - and disrupts their emotions, a study suggests.

Experts found that being 'overworked' alters the structure of the brain in areas linked to thinking and social skills and mental health.

They looked at the impact of overwork on specific brain regions in health workers who regularly clocked up a 52-hour week or more.

The researchers drew on data from a long-term study looking at worker health and used MRI scans to examine brain structure.

Some 110 workers were included in the final analysis, published in the journal Occupational And Environmental Medicine. Most were clinicians.

Of these, 32 worked excessive weekly hours, while 78 worked standard hours.

Those putting in long working hours every week were significantly younger, had spent less time in work and were more highly educated than those clocking up standard hours.

The researchers, including from Yonsei University in South Korea, said: 'Overworked individuals exhibited significant changes in brain regions associated with executive function and emotional regulation.'

Analysis showed a 19 percent increase in left caudal middle frontal gyrus volume in the overworked group compared with the non-overworked group.

This part of the brain has a major role in various cognitive functions, particularly in the frontal lobe.

It is involved in attention, working memory, and language-related processing.

Other areas involved in attention, planning and decision-making were also changed according to the scans, plus regions involved in emotional processing, self-awareness and understanding social context.

The team concluded: 'This study provides preliminary evidence that overwork is associated with structural brain changes, particularly in regions linked to cognition and emotion.

Ruth Wilkinson, head of policy and public affairs at the charity the Institution of Occupational Safety and Health, said: 'Global analysis from the World Health Organisation and International Labour Organisation has found that working long hours is on the increase and is responsible for about one-third of the total estimated work-related burden of disease.

Our YouGov survey, last year, showed that nearly a quarter of UK workers regularly work more than the legal maximum people should work in the UK (48 hours a week), while 44 percent said working more than your contracted hours is part of the culture in their organisation.

More than half said they regularly check work emails and messages outside of working hours.

'We want to see employers strip away the "small print", identify and tackle psycho-social risks as part of risk assessment processes and become more transparent in how they treat their workers.'

**Mail Online**

# 'Golden age' weight-loss pill that mimics gastric bypass op is hailed a 'miracle' - and said to be better than fat jabs



A pill that mimics the effect of a gastric bypass has been touted as the latest weight loss miracle – and may even be more effective than fat jabs in the long term.

The capsules produce a temporary coating in the gut that prevents food from being absorbed, forcing it into the lower intestine and triggering hormones that make you feel full.

Its manufacturers say it may have advantages over weight-loss injections such as Ozempic and Mounjaro, including having fewer side effects and being easier to take.

It is also far safer and less invasive than actual gastric bypass surgery.

Rahul Dhanda, chief executive of Syntis Bio, makers of the pill, said: The problem is [fat jabs] are not very tolerable and patients want to come off them.

By binding to the mucous membrane lining of the duodenum - the top of the intestine near the stomach - the pills create a barrier that stops calories being absorbed.

It forces food directly into the lower part of the digestive system, the pills set off a 'cascade' of hormones including GLP-1, the same chemical mimicked by semaglutide jab Wegovy.

It also causes the body to stop producing ghrelin, which makes you feel hungry, and start producing leptin, which makes you feel satisfied.

The person taking the pill feels full more quickly and stops eating.

The coating created by the pill sheds naturally after about 24 hours, leaving no trace.

The effect is similar to gastric bypass, in which surgeons make the stomach smaller and shorten the small intestine, changing how the body absorbs food and leaving people feeling fuller after eating less.

In rats, the drug caused the animals to lose 1 percent of their bodyweight per week while preserving 100 percent of their lean muscle mass.

Trials in humans have not studied weight loss but found the pills cause no harmful side effects.

If they prove effective in further trials, the pills could help patients maintain a healthy weight after intensive weight-loss with jabs, or replace the injections entirely.

Dr Louis Aronne of Weill Cornell Medicine in New York City told the conference that a 'golden age' of treatment had begun with these new drugs.

**Mail Online**

# MILITARY

## ရေအောက်စစ်ပွဲအတွက် အလားအလာရှိတဲ့ လင်းပိုင်နည်းပညာ

အနာဂတ်မှာ ရေအောက်စစ်ပွဲဆိုတာကလည်း အရေးပါတဲ့စစ်ပွဲတစ်ပွဲဖြစ်လာမှာအမှန်ပါပဲ။ အထူးသဖြင့် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောတွေရဲ့ ဆူညံမှုနည်းပါးခြင်းနဲ့ ရေအနက်ပိုင်းအထိကာလရှည်ကြာငုပ်လျှိုးနိုင်ခြင်းက နိုင်ငံတစ်ခုကို ကောင်းကောင်းကြီးခြိမ်းခြောက်နိုင်စွမ်းရှိတဲ့ စစ်လက်နက်ပစ္စည်းများဖြစ်ပါတယ်။ ဒါကြောင့်ဒီလိုမျိုးစွမ်းဆောင်နိုင်တဲ့ရေငုပ်သင်္ဘောတွေကိုချေမှုန်းနိုင်ဖို့ဆိုတာစိန်ခေါ်မှုတစ်ခုဖြစ်လာပါတယ်။ အခုဗြိတိန်နိုင်ငံ



က ရေငုပ်သင်္ဘောများကိုရှာဖွေချေမှုန်းနိုင်စေမယ့် နည်းပညာတစ်ခုကိုဖန်တီးလိုက်ပါတယ်။ အဲဒီနည်းပညာကိုတော့ လင်းပိုင်နည်းပညာလို့အမည်ပေးထားပါတယ်။

ဒီနည်းပညာက အဆင့်မြင့်မားလှတဲ့ AI နည်းပညာကိုအသုံးပြုထားတာဖြစ်ပါတယ်။ ဒီနည်းပညာကို Helsing ဆိုတဲ့ကုမ္ပဏီက ဖန်တီးတီထွင်ထားတာဖြစ်ပြီး အသံလှိုင်းအာရုံခံကိရိယာတွေကို မောင်းသူမဲ့ရေအောက်သွားယာဉ်မှာတပ်ဆင်ပြီး ရန်သူ့ရေငုပ်သင်္ဘောများကို ထောက်လှမ်းရှာဖွေသွားမှာဖြစ်ပါတယ်။

မောင်းသူမဲ့ရေအောက်သွားယာဉ်က ရန်သူ့ရေငုပ်သင်္ဘောရဲ့လှုပ်ရှားမှုကိုတွေ့ရှိပြီဆိုတာနဲ့ ရေပေါ်ကိုတက်လာပြီးရရှိလာတဲ့အချက်အလက်တွေကို ရေတပ်စစ်သင်္ဘောဆီပေးပို့မှာဖြစ်ပါတယ်။ သူ့မှာ AI နည်းပညာပါဝင်တာဖြစ်တဲ့အတွက် အဲဒီရေငုပ်သင်္ဘောတွေက ပုံစံအားဖြင့်တူညီနေရင်တောင် မတူညီတဲ့အသံလှိုင်းများကိုခွဲခြမ်းစိတ်ဖြာခြင်းဖြင့် လူသားပညာရှင်များက ကျော်သွားနိုင်တဲ့အချက်အလက်တွေကို ထောက်ပြပြီး ဖော်ထုတ်မှာဖြစ်တယ်လို့ဆိုပါတယ်။ **Ref: IE**

**K.H**

## ရေပြင်အခြေပြု နျူကလီးယားထိပ်ဖူးတပ် အနိမ့်ပျံဒုံးကျည်အသစ် အမေရိကန်ဝယ်ယူမည်

အမေရိကန်ရေတပ်က ၂၀၂၆ ခုနှစ်ဘဏ္ဍာနှစ်မှာ အရေးကြီးတဲ့စစ်လက်နက်ပစ္စည်းဝယ်ယူမှုအတွက် ဆုံးဖြတ်ချက်တစ်ခုကိုချမှတ်လိုက်ပါပြီ။ အဲဒီဆုံးဖြတ်ချက်ကတော့ ရေပြင်အခြေပြု နျူကလီးယားထိပ်ဖူးတပ် အနိမ့်ပျံဒုံးကျည်များကိုဝယ်ယူသွားဖို့ဖြစ်ပါတယ်။ အဲဒီဒုံးကျည်တွေကို ၂၀၃၄ ခုနှစ်အတွင်းမှာဖြန့်ကြက်အသုံးပြုသွားမှာပါ။ သူ့ကို Virginia အတန်းအစားတိုက်ခိုက်ရေးရေငုပ်သင်္ဘောများမှာ တပ်ဆင်သွားမှာဖြစ်တယ်လို့ ရေတပ်ဒုတိယဗိုလ်ချုပ်ကြီးဂျွန်နီဝေ့ါကအတည်ပြုပြောထားပါတယ်။

လက်ရှိမှာတော့ ဒီအစီအစဉ်



က ဗိသုကာဒီဇိုင်းပိုင်းအဆင့်ကိုရောက်ရှိနေပြီဖြစ်ပြီး ဒုံးကျည်စနစ်၊ ပစ်လွှတ်ရေးကိရိယာများ၊ ရေငုပ်သင်္ဘောနဲ့အံဝင်ခွင်ကျဖြစ်မှု၊ ထိပ်ဖူးဒီဇိုင်းနဲ့ လေ့ကျင့်ရေးနဲ့ပတ်သက်တဲ့အခြေခံအဆောက်အဦများအတွက်အဓိကထားပုံစံဖော်နေပြီဖြစ်ပါတယ်။

ဒါ့အပြင် အခုလိုရေပြင်အခြေပြုနျူကလီးယားထိပ်ဖူးတပ်အနိမ့်ပျံဒုံးကျည်ကိုဝယ်ယူသွားမှာဖြစ်ပေမယ့်လည်း လက်ရှိရေငုပ်သင်္ဘောရဲ့လုပ်ငန်းဆောင်တာများကိုထိခိုက်စေခြင်းမရှိစေဖို့ အထူးဂရုပြုဆောင်ရွက်သွားမယ်လို့ ဆိုပါတယ်။ လက်ရှိမှာတော့ အမေရိကန်ရေတပ်က တိုက်ခိုက်ရေးသင်္ဘောများအပေါ်သက်ရောက်မှုနည်းပါးစေတဲ့ လုပ်ငန်းသဘောတရားများကိုအဆုံးသတ်နိုင်ဖို့ အမေရိကန်မဟာဗျူဟာကွပ်ကဲမှု ဌာန ချုပ်အပြင် အင်ဒို-ပစိဖိတ်ကွပ်ကဲမှုဌာနချုပ်နဲ့ပါ အနီးကပ်ပူးပေါင်းဆောင်ရွက်နေတယ်လို့ဆိုပါတယ်။ ဒီအစီအစဉ်အတွက် အသုံးစရိတ်အဖြစ် အမေရိကန်ဒေါ်လာ ၂ ဘီလီယံသတ်မှတ်ထားပြီး နျူကလီးယားထိပ်ဖူးအတွက် ဒေါ်လာသန်း ၄၀၀ အသုံးပြုသွားမှာဖြစ်ပါတယ်။ **Ref: IE**

**K.H**

# HEALTH

## အူလမ်းကြောင်းကိုထိခိုက်စေမယ့် စားနေကျနံနက်စာများ




မြောက် ကာရိုလိုင်း နား ပြည် နယ် တက္ကသိုလ်မှသုတေသနပညာရှင်များလုပ်တဲ့ သုတေသနတစ်ခုမှာ လူအများစုစားနေကျဖြစ်တဲ့နံနက်စာများဟာ မိမိတို့ရဲ့အူလမ်းကြောင်းကိုထိခိုက်စေတယ်လို့ တွေ့ရှိထားပါတယ်။

အထူးသဖြင့် နွားနို့၊ ကြက်ဥ၊ ပဲနဲ့ပဲပိစပ်လိုမျိုးအရာတွေကနေရရှိတဲ့ ပရိုတိန်းတွေက စမ်းသပ်ခံကြွက်တွေရဲ့အူလမ်းကြောင်းအပေါ် ကြီးစွာသောသက်ရောက်မှုရှိစေတယ်ဆိုတာကို သုတေသီများကတွေ့ရှိထားတာဖြစ်ပါတယ်။

အူလမ်းကြောင်းထဲမှာရှိတဲ့ ဇီဝပစ္စည်းများက အမျိုးမျိုးသောကျန်းမာရေးအပေါ်သက်ရောက်မှုရှိပါတယ်။ အခုစမ်းသပ်မှုကနေထွက်လာတဲ့ရလဒ်က ကမ္ဘာတစ်ဝန်းမှာရှိတဲ့ လူသန်းပေါင်းများစွာခံစားနေရသော အူလမ်းကြောင်းဆိုင်ရာရောဂါများကို ကာကွယ်ခြင်းနဲ့ကုသခြင်းတို့အတွက် အသုံးဝင်စေမှာဖြစ်ပါတယ်။ **Ref: IE**

**K.H**

## အီး-စီးကရက်သောက်သူများ ကုမရနိုင်သည့်အဆုတ်ရောဂါခံစားရနိုင်



အီး-စီးကရက်များကို သုံးနှစ်သောက်ခဲ့တဲ့ ဆယ်ကျော်သက်တစ်ဦးမှာ ပေါက်ပေါက်ဆုပ်အဆုတ်လို့ခေါ်ကြတဲ့ ကုမရနိုင်သောအဆုတ်ရောဂါဖြစ်ပွားတာကိုတွေ့ရှိရပါတယ်။ ဒါဟာဆယ်ကျော်သက်များအတွက် အီး-စီးကရက်ရဲ့ဆိုးကျိုးတစ်ခုအဖြစ်ထွက်ပေါ်လာပါတယ်။

ပေါက်ပေါက်ဆုပ်အဆုတ်ရောဂါဆိုတာက ရှားပါးတဲ့အပြင် ပြင်းထန်လှတဲ့ရောဂါတစ်မျိုးဖြစ်ပြီး အဆုတ်ထဲမှာရှိတဲ့လေပြွန်အသေးလေးများကိုထိခိုက်စေတာဖြစ်ပါတယ်။

အထူးသဖြင့် အီး-စီးကရက်အရည်ထဲမှာပါဝင်တဲ့ ဒိုင်ယာစီတယ်လိုမျိုးဓာတ်ပေါင်းက အဆိပ်သင့်စေတဲ့အဓိကအရာဖြစ်လာတာဖြစ်ပါတယ်။ သူကအဆုတ်ကိုရောင်စေပြီးအသက်ရှုရခက်စေတာဖြစ်ပါတယ်။ **Ref: IE**

**K.H**

## ဦးနှောက်ကို မြန်ဆန်စွာပျက်စီးစေနိုင်တဲ့ အန္တရာယ်ငါးသွယ်



သုတေသနပညာရှင်များအနေနဲ့ ၁၆ နှစ်ကြာလုပ်ဆောင်ထားတဲ့ သုတေသနတစ်ခုအရဆိုရင် သွေးတိုးခြင်းအပါအဝင် အခြားသောကျန်းမာရေးအန္တရာယ်ငါးခုက ဦးနှောက်ကို မြန်ဆန်စွာပျက်စီးစေနိုင်တယ်လို့ဆိုပါတယ်။ အခုသုတေသနကို တရုတ်ပညာရှင်များကလုပ်ထားတာပါ။

ဦးနှောက်ကိုမြန်ဆန်စွာပျက်စီးစေနိုင်တဲ့အန္တရာယ်ငါးသွယ်ထဲမှာပါဝင်တာတွေကသွေးတိုးခြင်း၊ သွေးတွင်းသကြားဓာတ်မြင့်မားခြင်း၊ ခရီတီနိုင်းပမာဏမြင့်မားခြင်း၊ ဆေးလိပ်သောက်ခြင်းနဲ့ ပညာရည်နိမ့်ပါးခြင်းတို့ဖြစ်ပါတယ်။ အဲဒီထဲမှာ သွေးတိုးခြင်းက ဦးနှောက်ပျက်စီးခြင်းကို အဖြစ်စေနိုင်ဆုံးသော အကြောင်းရင်းဖြစ်တယ်လို့ ပညာရှင်များကပြောပါတယ်။ ဒီလိုအကြောင်းရင်းငါးချက်မဖြစ်အောင် ရှောင်ရှားမယ်ဆိုရင် ဦးနှောက်ကျန်းမာရေးကို ကောင်းစေနိုင်ကြောင်းပညာရှင်များကပြောထားပါတယ်။ **Ref: IE**

**K.H**

# အနာဂတ်လေကြောင်းအရေးသာမှုအတွက် ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်အကြောင်း အမေရိကန်ထုတ်ပြော

**ဝါရှင်တန်၊ နည်းပညာ**

အမေရိကန်နိုင်ငံက အနာဂတ်တွင် လေကြောင်းအရေးသာမှုအတွက် အရေးပါလာမည့် ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်နှင့်ပတ်သက်သည့်အကြောင်းအရာများကို ထုတ်ပြန်ပြောဆိုလာကြောင်းသိရသည်။


တရုတ်နိုင်ငံက ပြည်တွင်း၌ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်များဖြစ်သည့် Cheng-du J-36 နှင့် Shenyang J-50 လေယာဉ်များ၏ရှေ့ပြေးပုံစံစမ်းသပ်မှုလုပ်ဆောင်ပြီးနောက် အမေရိကန်က ယခုမှင်းတို့၏ ဆဋ္ဌမမျိုးဆက်တိုက်လေယာဉ်နှင့်ပတ်သက်၍ ထုတ်ဖော်ပြောလာခြင်းဖြစ်သည်။

အမေရိကန်လေတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဒေးဗစ်အယ်ဗင်းက F-47 တိုက်လေယာဉ်နှင့် မောင်းသူမဲ့ပူးတွဲတိုက်ပွဲဝင်လေယာဉ်များနှင့်ပတ်သက်သောရုပ်ပုံများကို ထုတ်ဖော်ပြသလာခြင်းဖြစ်သည်။ အဆိုပါလေယာဉ်များကို မျိုးဆက်သစ်ဝေဟင်လွှမ်းမိုးမှုအစီအစဉ်အရ ထုတ်လုပ်နေခြင်းဖြစ်သည်။

အဆိုပါ F-47 တိုက်လေယာဉ်၏တိုက်ပွဲဝင်နိုင်သည့်နယ်ပယ်ဧရိယာသည် မိုင်ပေါင်း ၁၁၅၁ မိုင်ပတ်လည်ရှိကာ ၎င်းကို တိုက်ပွဲဝင်နိုင်သည့်ဧရိယာမိုင်ပေါင်း ၆၉၈ မိုင်သာရှိသော F-22 Raptor များနေရာ၌အစားထိုးသွားမည်ဖြစ်သည်။

ထို့ပြင် အဆိုပါတိုက်လေယာဉ်များနှင့် အတူပူးတွဲတိုက်ပွဲဝင်မည့် မောင်းသူမဲ့လေယာဉ်များ၏တိုက်ပွဲဝင်နိုင်သည့်ဧရိယာက မိုင်ပေါင်း ၈၀၅ မိုင်အထိရှိမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ F-47 နှင့် မောင်းသူမဲ့လေယာဉ်များသည် အင်ဒို-ပစိဖိတ်ဒေသအတွက် အရေးပါလာမည်ဖြစ်ကြောင်းသိရသည်။

Ref: SCMP



# လပေါ်သုတေသနစခန်းအတွက် နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ရန် တရုတ်နှင့်ရုရှားလက်မှတ်ထိုး

**ပေကျင်း၊ နည်းပညာ**

တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံတို့က လပေါ်တွင် နျူကလီးယားဓာတ်ပေါင်းဖိုတည်ဆောက်ရန် သဘောတူညီချက်တစ်ခုကို လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း သိရသည်။



လပေါ်တွင်တည်ဆောက်မည့် သုတေသနစခန်းအား လျှပ်စစ်ဓာတ်အားပေးရန် ရည်ရွယ်၍ အဆိုပါနျူကလီးယားဓာတ်အားပေးစက်ရုံကိုတည်ဆောက်သွားမည်ဖြစ်ပြီး ၂၀၃၆ ခုနှစ်အရောက်တွင်လုပ်ငန်းလည်ပတ်နိုင်ရန်လုပ်ဆောင်သွားမည်ဟု တာဝန်ရှိသူများက မေလ ၁၄ ရက်တွင် ပြောသည်။

တရုတ်အမျိုးသားအာကာသအာဏာပိုင်အဖွဲ့နှင့် ရုရှားအာကာသအေဂျင်စီဖြစ်သည့် Roscosmos တို့က ထိုသဘောတူညီချက်ကို ပြီးခဲ့သည့်သီတင်းပတ်တွင် လက်မှတ်ထိုးခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံနှင့်ရုရှားနိုင်ငံတို့က ၂၀၃၀ ပြည့်နှစ်အလွန်တွင် လ၏တောင်ဝင်ရိုးစွန်း၌ အမြဲတမ်းသုတေသနစခန်းတစ်ခုကိုတည်ဆောက်ကာ လူသားများနေထိုင်နိုင်ရေးအတွက် သုတေသနများလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ Ref: SCMP

# အိန္ဒိယနှင့်ပါကစ္စတန်တို့က သံတမန်များကိုအပြန်အလှန်နှင်ထုတ်

**နယူးဒေလီ၊ သံတမန်ရေး**

အိန္ဒိယနိုင်ငံနှင့်ပါကစ္စတန်နိုင်ငံတို့က သံတမန်များကို အပြန်အလှန်နှင်ထုတ်လိုက်ကြောင်းသိရသည်။ နှင်ထုတ်ခံရသည့်သံတမန်များသည် သူလျှိုလုပ်ငန်းများကိုလုပ်ဆောင်သည်ဟူသော စွပ်စွဲချက်များဖြင့် နှင်ထုတ်ခံရခြင်းဖြစ်သည်ဟု နှစ်နိုင်ငံစလုံးမှတာဝန်ရှိသူများကပြောသည်။

အိန္ဒိယအစိုးရသည် နယူးဒေလီမြို့ရှိ ပါကစ္စတန်သံရုံးမှ တာဝန်ရှိသူတစ်ဦးကို နှင်ထုတ်လိုက်ကြောင်းနှင့် ၂၄ နာရီအတွင်း နိုင်ငံအတွင်းမှထွက်သွားရန်လည်းတောင်းဆိုလိုက်ကြောင်း ထုတ်ပြန်ထားသည်ဟု အိန္ဒိယသတင်းဌာနတစ်ခုကဖော်ပြထားသည်။

အလားတူ ပါကစ္စတန်အစိုးရကလည်း အစ္စလာမ်မာဘတ်မြို့ရှိ အိန္ဒိယသံရုံးမှ အိန္ဒိယတာဝန်ရှိသူတစ်ဦးကို နှင်ထုတ်လိုက်ပြီး ၂၄ နာရီအတွင်း နိုင်ငံအတွင်းမှ ထွက်သွားရန် တောင်းဆိုထားကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ နှင်ထုတ်ခံရသူများသည် သက်ဆိုင်ရာနိုင်ငံအတွက် မလိုလားအပ်သူများအဖြစ်လည်း ကြေညာခံလိုက်ရကြောင်းသိရသည်။

Ref: Xinhua

## သတင်းတိုကဏ္ဍ

### ဂါဇာမြောက်ပိုင်းကို အစ္စရေးကဗုံးကြဲမှုများပြုလုပ် အနည်းဆုံးလူ ၆၅ ဦးသေဆုံး

အစ္စရေးက ဂါဇာဒေသမြောက်ပိုင်းရှိ ဂျာဘာလီယာဒုက္ခသည်စခန်းနှင့် အနီးရှိမြို့တို့မှ လူနေအိမ်ရာခြောက်ခုကို မေလ ၁၄ ရက်နံနက်ပိုင်းတွင် ဗုံးကြဲတိုက်ခိုက်မှုများလုပ်ဆောင်ရာ အနည်းဆုံးလူ ၆၅ ဦးသေဆုံးကြောင်း ပါလက်စတိုင်းတာဝန်ရှိသူများကပြောသည်။

အစ္စရေး၏တိုက်ခိုက်မှုသည် အိပ်ပျော်နေသောပြည်သူများကိုထိမှန်သွားခြင်းဖြစ်ကြောင်း၊ အများစုမှာ အမျိုးသမီးများနှင့်ကလေးငယ်များဖြစ်ကြောင်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် လူ၊ ပစ္စည်းအင်အားပြတ်လပ်မှုကြောင့်ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ခြင်းမရှိကြောင်း ဂါဇာအရပ်ဘက်ကာကွယ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူကပြောသည်။

ထို့ပြင် အရေးပေါ်ခွဲစိတ်ကုသမှုများနှင့် လိုအပ်သောခြေ၊ လက်ဖြတ်တောက်ခွဲစိတ်မှုများကို စင်္ကြံများတွင်လုပ်နေရကြောင်း ဆေးရုံမှတာဝန်ရှိသူတစ်ဦးကပြောသည်။ ဗုံးကြဲတိုက်ခိုက်မှုခံရသောနေအိမ်များသည် အရပ်သားများပိုင်ဆိုင်သောနေအိမ်များဖြစ်ပြီး ဒုက္ခသည်များနေထိုင်နေကြောင်းသိရသည်။ Ref: Xinhua

### ယူကရိန်းနှင့်တိုက်ရိုက်ဆွေးနွေးရန် ရုရှားက အစ္စတန်ဘူသို့ ကိုယ်စားလှယ်အဖွဲ့စေလွှတ်မည်

ရုရှားအစိုးရက ယူကရိန်းနှင့်လုပ်မည့် တိုက်ရိုက်ဆွေးနွေးမှုအတွက် အစ္စတန်ဘူမြို့သို့ကိုယ်စားလှယ်အဖွဲ့ကိုစေလွှတ်သွားမည်ဖြစ်ကြောင်း၊ ယူကရိန်းဘက်ကလည်း အလားတူလုပ်ဆောင်မည်ဟု မျှော်လင့်ကြောင်း ရုရှားသမ္မတရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ကပြောသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ယူကရိန်းနှင့်တိုက်ရိုက်ဆွေးနွေးမှုကို မေလ ၁၅ ရက်တွင် တူကီယဲနိုင်ငံ အစ္စတန်ဘူမြို့၌ပြန်လည်စတင်ရန် အဆိုပြုထားသော်လည်း ယခုအချိန်အထိ ယူကရိန်းဘက်က ဆွေးနွေးပွဲသို့ကိုယ်စားလှယ်ကိုစေလွှတ်မှုရှိ၊ မရှိနှင့်ပတ်သက်၍ မည်သို့မျှမထုတ်ပြန်ထားစဉ် ပက်စကော့ကယခုကဲ့သို့ပြောလာခြင်းဖြစ်သည်။

ပူတင်၏ကမ်းလှမ်းမှုကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကကြိုဆိုထားပြီး ယူကရိန်းသမ္မတဇီလန်စကီက ဆွေးနွေးမှုအတွက် အသင့်ရှိသည်ဟုပြောဆိုထားသော်လည်း ပူတင်နှင့်သာတိုက်ရိုက်ဆွေးနွေးလိုသည်ဟုထုတ်ပြန်ထားကြောင်းသိရသည်။ Ref: RT

### ဂျပန်လေတပ်မှလေ့ကျင့်ရေးလေယာဉ်တစ်စင်း လူနှစ်ဦးနှင့်အတူပျက်ကျ

ဂျပန်လေတပ်မှလေ့ကျင့်ရေးလေယာဉ်တစ်စင်းသည် မေလ ၁၄ ရက်တွင် ပြေးလမ်းမှထွက်ခွာပြီးမကြာမီ ရေကန်တစ်ခုအနီး၌ပျက်ကျသွားကြောင်းနှင့် ထိုလေယာဉ်တွင် လူနှစ်ဦးလိုက်ပါသွားကြောင်း တာဝန်ရှိသူများကပြောသည်။

ဂျပန်ကိုယ့်ကိုယ်ကိုယ်ကာကွယ်ရေးလေတပ်မှ T-4 အမျိုးအစားလေ့ကျင့်ရေးလေယာဉ်သည် မွန်းလွဲ ၃ နာရီ ၈ မိနစ်တွင် နိုင်ငံအလယ်ပိုင်းရှိ ကိုမာကီလေတပ်စခန်းမှထွက်ခွာပြီးနောက်မကြာမီ ရေဒါမှပျောက်ကွယ်သွားပြီး ရေကန်တစ်ခုအနီးတွင် ပျက်ကျသွားခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးနာကာတာနီက သတင်းထောက်များကိုပြောသည်။

လေယာဉ်ပျက်ကျမှုဖြစ်ပွားရသည့်အကြောင်းရင်းကို မသိရသေးသော်လည်း လေယာဉ်ပျက်ကျမှုတွင် ပါဝင်သွားသူနှစ်ဦးစလုံးကို ကယ်ဆယ်နိုင်ရေးအစွမ်းကုန်ကြိုးစားသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ Ref: AGC

### ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရန်ပုံငွေပြတ်တောက်မှုကြောင့် လုပ်ငန်းဆောင်ရွက်မှုများလျှော့ချထားရ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ရန်ပုံငွေပြတ်တောက်မှုကြောင့် အဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုများကိုလျှော့ချထားရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်က မေလ ၁၄ ရက်တွင် ပြောထားသည်။

အမေရိကန်ပြည်ထောင်စုက ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှနုတ်ထွက်ကာ ရန်ပုံငွေဖြတ်တောက်သွားပြီးနောက် လေးလအကြာတွင် အဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုများကို ထက်ဝက်အထိလျှော့ချထားရကြောင်း ၎င်းကရသုံးငွေစာရင်းကော်မတီအစည်းအဝေးတွင်ပြောသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဇန်နဝါရီလတွင် သမ္မတအဖြစ်ကျမ်းကျိန်ပြီးနောက်ပထမဆုံးနေ့မှာပင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နုတ်ထွက်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။

အမေရိကန်၏ဥပဒေအရ နိုင်ငံအနေဖြင့် အဖွဲ့အစည်းတစ်ခုမှနုတ်ထွက်မည်ဆိုပါက တစ်နှစ်ကြိုတင်သတိပေးရမည်ဖြစ်ကြောင်းနှင့် ထိုတစ်နှစ်စာကုန်ကျစရိတ်များကိုလည်း ပေးရမည်ဖြစ်ကြောင်း ဖော်ပြထားသည်ဟုသိရသည်။ Ref: AGC

# မင်းဘူးမြို့၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် အသိပညာပေးဆွေးနွေးပွဲကျင်းပ



မင်းဘူး မေ ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့ရှိ မင်းဘူးဦးပြဘာသခန်းမ၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် အသိပညာပေးဆွေးနွေးပွဲကို မေလ ၁၄ ရက်တွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) ခေါင်းဆောင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး မင်းဘူးခရိုင် CPU အဖွဲ့ဝင်များက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့်အကြောင်းအရာများကို အသီးသီး ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU)၏ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ အဂတိနှင့်ပတ်သက်၍ ကော်မရှင်၏လုပ်ငန်းများနှင့် စုံစမ်းစစ်ဆေးရေးဆိုင်ရာကိစ္စရပ်များ၊ အဂတိလိုက်စားမှုလျော့နည်းရေးအတွက် စာရင်းစစ်ရုံး၏ ဆောင်ရွက်ချက်များ၊ ဥပဒေပြဋ္ဌာန်းရသည့်ရည်ရွယ်ချက်နှင့် ပြစ်မှုပြစ်ဒဏ်များ၊ အခွန်တိမ်းရှောင်မှုအပါအဝင် ငွေကြေးခဝါချမှုနှင့်ပတ်သက်သည့်ကိစ္စရပ်များနှင့် အဂတိလိုက်စားမှုသိကောင်းစရာများ စသည့်အကြောင်းအရာများကိုဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသောမေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

# ဆင်ပေါင်ဝဲမြို့နယ်ရှိ ကျေးရွာတချို့၌ နှမ်းရိုးသဘာဝမြေသြဇာ ထည့်သွင်းအသုံးပြုသည့်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ဆင်ပေါင်ဝဲ မေ ၁၄

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ်ရှိ ကျေးရွာတချို့၌ နှမ်းရိုးသဘာဝမြေသြဇာများကို သီးနှံစိုက်ခင်းများတွင် ထည့်သွင်းအသုံးပြုလျက်ရှိရာ သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဆင်ပေါင်ဝဲမြို့နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

ထိုနှမ်းရိုးသဘာဝမြေသြဇာကို ဆင်ပေါင်ဝဲမြို့နယ်ရှိ အောင်ကောင်းမြတ်လယ်ယာကုန်ထုတ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ ထုတ်လုပ်လျက်ရှိပြီး ဒေသခံတောင်သူများလိုအပ်သောမြေသြဇာများကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်နှင့် သဘာဝကုန်ကြမ်းများမှ ရရှိသော သဘာဝမြေသြဇာများကို ဈေးနှုန်းသက်သာစွာဖြန့်ဖြူးရောင်းချနိုင်ရန်ရည်ရွယ်ချက်ဖြင့် ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နှစ်ကတော့ ကျေးရွာပေါင်း ၁၅ ရွာလောက်မှာ နှမ်းရိုးအခြေပြုသဘာဝမြေသြဇာသုံးစွဲနိုင်ဖို့ အောင်ကောင်းမြတ်လယ်ယာကုန်ထုတ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ကနေ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီနှစ်မှာလည်း အလားတူ ဆောင်ရွက်နေပါတယ်။ တခြားသမဝါယမအသင်းတွေကိုလည်း နှမ်းရိုးသဘာဝမြေသြဇာထည့်သွင်းအသုံးပြုပြီး စီမံကိန်းသီးနှံတွေတိုးချဲ့စိုက်ပျိုးနိုင်အောင် စည်းရုံးဆောင်ရွက်နေပါတယ်" ဟု ဆင်ပေါင်ဝဲမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးစန်းဦးကပြောသည်။

အဆိုပါ နှမ်းရိုးသဘာဝမြေသြဇာကို အသုံးပြုခြင်းဖြင့် သီးနှံများရှင်သန်ကြီးထွားစေခြင်း၊ စိုက်ပျိုးကုန်ကျစရိတ်သက်သာခြင်း၊ မြေဆီများ သဘာဝအတိုင်းပြန်လည်ဖြစ်ပေါ်စေခြင်း၊ မလိုအပ်သောပိုးမွှားအန္တရာယ်များ မကျရောက်ခြင်း၊ ပေါင်းမြက်များ မပေါက်ရောက်ခြင်းစသည့်အကျိုးကျေးဇူးများရရှိစေနိုင်သည်။

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ်၌ သမဝါယမအသင်းပေါင်း ၁၅၀ ခန့်ရှိပြီး အောင်ကောင်းမြတ်လယ်ယာကုန်ထုတ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်ကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း သိရသည်။

ဆောင်းဦး

# တွံတေးမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို ကွင်းဆင်းဆောင်ရွက်ပေး



ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကွန်းကလေးကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်း၌ မေလ ၁၃ ရက်က ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တွံတေးမြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းလေးဦးက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တွံတေးမြို့နယ်ဦးစီးမှူး ဦးကျော်ထူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူများအား ဇန်နဝါရီလ ၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါပန်းခင်းစီမံချက်ဆောင်ရွက်ခြင်းဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော နိုင်ငံသားစိစစ်ရေးကတ်ရရှိစေမည်ဖြစ်ကြောင်း၊ ထို့ပြင် သတ်မှတ်ချက်များနှင့်ကိုက်ညီသည့်နိုင်ငံသားများ မကျန်ရှိစေရေးအတွက် အိမ်ထောင်စုလူဦးရေစာရင်းလျှောက်ထားရာတွင် လိုအပ်သည့်စာရွက်စာတမ်းအထောက်အထားများ၊ နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်သူများ လိုက်နာရမည့်အချက်များ၊ နိုင်ငံသားစိစစ်ရေးကတ်လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့်အထောက်အထားများ၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသ/လက်ရှိဒေသ၌ ရှိခြင်း၊ နေထိုင်မှုပုံစံများအလိုက် ဆောင်ရွက်ပေးရမည့်လုပ်ငန်းများနှင့်နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ခြင်းဖြင့် ပြည်သူများ အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

တွံတေးသား

# ထားဝယ်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း အသိပညာပေးဆွေးနွေး



ထားဝယ် မေ ၁၄

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း အသိပညာပေးဆွေးနွေးပွဲကို မေလ ၁၃ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် ထားဝယ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထက်နောင်က မိုးရာသီရောက်ရှိလာပြီဖြစ်သောကြောင့် ခြင်များခိုအောင်းပေါက်ပွားနိုင်သည့်ချုံနွယ်များနှင့် အမှိုက်သရိုက်များကို ရှင်းလင်းကြရန်၊ ခြင်များပေါက်ပွားနိုင်သည့် ရေတင်ကျန်နိုင်သောနေရာများနှင့် စွန့်ပစ်ပစ္စည်းများကို ဖယ်ရှားရှင်းလင်းရန်၊ ထို့ပြင် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန်၊ ရေစည်၊ ရေအိုးများနှင့် ရေသိုလှောင်ကန်များအတွင်း ခြင်များပေါက်ပွားမှုမရှိစေရေးအတွက် အဘိတ်ဆေးများခတ်ရန် စသည်ဖြင့် သွေးလွန်တုပ်ကွေးရောဂါအပါအဝင် ခြင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇင်မာစိုးက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများအကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ၊ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာ၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကျင်းပ



**လှိုင်းဘွဲ့ မေ ၁၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) မျိုးစေ့ စုပေါင်းကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို မေလ ၁၄ ရက်တွင် ဒိုင်းပြကျေးရွာအတွင်းရှိ တောင်သူဦးစောဝင်းထူးနှင့် ဒေါ်နန်းနီလာဝင်းတို့၏ လယ်မြေ ကွင်းအမှတ်(၁၅၄၇) ဒိုင်းပြအောက်ကွင်း ဦးပိုင်အမှတ် (၉၁/၁) နှင့် (၉၁/၂) ၌ ကျင်းပကြောင်း သိရသည်။

အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးဇော်ရှိန်းအောင်၊ အဖွဲ့ဝင်(၂) ဦးမြတ်စိမ်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများတက်ရောက်ကြပြီး သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) မျိုးစေ့များကို စုပေါင်းကြဲပက်ကြသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းဝတ်ရည်စမ်းက တောင်သူများကို မိုးစပါးမစိုက်ပျိုးမီ မြေဆီလွှာအာဟာရ ထက်သန်စေရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ထည့်သွင်းပေးရခြင်း၏ရည်ရွယ်ချက်နှင့် လိုအပ်သည့်အကြောင်းရင်းများ၊ အသုံးပြုနိုင်သည့်မျိုးများ၊ လယ်မြေတစ်ဧက၌ မျိုးစေ့လေးပြည်နှုန်းဖြင့်စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီးနောက် ဒိုင်းပြကျေးရွာ၊ ဒိုင်းပြကုန်းကျေးရွာ၊ ချမ်းသာကျေးရွာနှင့် ကိုညွှန့်သည်ကျေးရွာတို့မှ တောင်သူများ၏လယ်မြေစုစုပေါင်း ဧက ၂၀ အတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) မျိုးစေ့ငါးတင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ကြသည်။

ကရင်ပြည်နယ်အစိုးရအဖွဲ့မှ လှိုင်းဘွဲ့မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမည့် လယ်မြေစုစုပေါင်းဧက ၆၀၀ အတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) မျိုးစေ့စုစုပေါင်း တင်း ၁၅၀ ကို အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

**စောဒီ(ပြန်/ဆက်)**

# ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ညောင်ရွှေ မေ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပုံမှုကျေးရွာအုပ်စု သပြေကုန်း(အောက်)ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို မေလ ၁၄ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယု၊ ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူနှင့် ဝန်ထမ်းများက သပြေကုန်း (အောက်) ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေ ငွေကျပ် ၁၀ သန်းဖြင့် ဆောင်ရွက်သော ကြံသကာချက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ယုယုသည် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ ကြံသကာချက်လုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ဖြင့် သပြေကုန်း(အောက်)ကျေးရွာ၌ ကြံသကာချက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းအဖွဲ့တစ်ဖွဲ့ အဖွဲ့ဝင်ငါးဦးကို ရန်ပုံငွေ ငွေကျပ် ၁၀ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# သာကေတမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ရေး အသိပညာပေးဟောပြော

**ရန်ကုန် မေ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မေလ ၁၄ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ သာကေတမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူက သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်ကိုပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဒေါ်စုစုလွင်က သားအိမ်ခေါင်းကင်ဆာရောဂါဖြစ်ပွားနိုင်သည့်အချက်များ၊ ကာကွယ်ရမည့်နည်းလမ်းများ၊ ကုသရေးဆိုင်ရာနည်းလမ်းများနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းပြကာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ဆွေးနွေးဖြေကြားပေးသည်။

အဆိုပါအခမ်းအနားသို့ သာကေတမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ သာကေတမြို့နယ်ကြက်ခြေနီအဖွဲ့ဝင်များ၊ ပရဟိတလူမှုကူညီရေးအဖွဲ့ဝင်များနှင့် ရပ်ကွက်အတွင်းရှိ အမျိုးသမီးများ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**သဲထက်ဇင်(ပြန်/ဆက်)**



# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလအတွင်း ငါးသလောက် ပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဖျာပုံ မေ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဧပြီလအတွင်း ငါးသလောက်ပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မိုးမိုးအေး၏ပြောကြားချက်အရ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မတ်လအတွင်းက ငါးသလောက်ပိဿာ ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဧပြီလ ၁ ရက်မှ ၃၀ ရက်အထိ ငါးသလောက်ပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ငါးသလောက်များကို ရန်ကုန်ဈေးကွက်မှ အဝယ်လိုက်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို ပုံမှန်တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဧပြီလအတွင်းက ငါးသလောက်ပိဿာ ၇၅၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ငါးသလောက်တွေက လတ်ဆတ်မှုနဲ့ အရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းအသီးသီးရှိပါတယ်" ဟု ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မိုးမိုးအေးက ပြောသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးသလောက်များမှာ အရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းအသီးသီးရှိကြောင်း၊ အဆိုပါငါးသလောက်များ တင်ပို့ရောင်းချနေရသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်သည်များနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သမဝါယမတက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကျောင်းဖွင့်ချိန်အမီပြီးစီးရေး ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်သို့ သွားရောက်ပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော ပင်မသုံးထပ်ဆောင်၊ စာသင်ဆောင်များ၊ ကျောင်းသားအိပ်ဆောင်များနှင့် ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နေမှုများကိုလည်းကောင်း၊ ယာယီရုံးဖွင့်လှစ်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် အဖြေလွှာစစ်ဆေးနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မကြာမီကျောင်းများပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ ငလျင်ဒဏ်သင့်အဆောက်အအုံများအား သတ်မှတ်အချိန်မီပြန်လည်ပြုပြင်နိုင်ရေး အရှိန်အဟုန်မြှင့် လုပ်ဆောင်ကြရမည်ဖြစ်ပြီး အရည်အသွေးပြည့်ဝရေး၊ သောက်သုံးရေနှင့်လျှပ်စစ်မီးပုံမှန်ရရှိရေး၊ မိလ္လာစနစ်ကောင်းမွန်ရေးဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ခြံစည်းရိုးပြိုကျပျက်စီးမှု အခြေအနေ၊ ယာယီရုံးဖွင့်လှစ်ဆောင်ရွက်နေမှု အခြေအနေတို့ကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကားနှစ်စီးဖြင့် ငလျင်ဒဏ်သင့်ပြည်သူများအတွက် သောက်သုံးရေဖြန့်ဝေပေးနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းသို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စာသင်ဆောင်များနှင့်သန့်စင်ခန်းများ ပြန်လည်ပြုပြင်နေမှု၊ သမဝါယမကောလိပ်(မန္တလေး) သုံးထပ်ပင်မဆောင်နှင့် စာသင်ဆောင်များ ပြန်လည်ပြုပြင်နေမှု၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ စမ်းဝတီမွေးမြူရေးနှင့်သဘာဝမြေသြဇာထုတ်လုပ်ရေးသမဝါယမအသင်း၏ နို့ချက်စက်ရုံ၌ နို့ဆီနှင့်ဒိန်ချဉ်ထုတ်လုပ်နေမှုကိုလည်းကောင်း၊ သဘာဝမြေသြဇာများ ထုတ်လုပ်နေမှု၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့်Good Brother ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းတည်ဆောက်သည့်ဆန်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်ခရိုင်စုပေါင်းရုံးသို့သွားရောက်ပြီး ဝန်ကြီးဌာနအောက် ဦးစီးဌာနလေးခုမှ ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြား၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ရုံးဝင်းအတွင်း သမဝါယမဦးစီးဌာနရုံး တည်ဆောက်မည့်မြေနေရာကိုလည်းကောင်း၊ အလှူရှင်များ လှူဒါန်းထားသော Fabricated Modular House ငါးလုံးထားရှိမည့် မြေနေရာကိုလည်းကောင်းကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် မိတ္ထီလာမြို့နယ် ညောင်ဖောက်ကျေးရွာအုပ်စု ကံဦးစံပြကျေးရွာရှိ ကံဦး(စံပြ)လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ဆိတ်မွေးမြူရေးခြံသို့သွားရောက်၍ ၂၀၂၅ ခုနှစ် မတ်လမှစတင်ပြီး ဆိတ်ကောင်ရေ ၁၂၀ မွေးမြူခဲ့ပြီး မတ်လအထိ ကောင်ရေ ၁၇ ကောင် တိုးပွားလာမှုကိုလည်းကောင်း၊ ပန်းတော်ဆက်ကျေးရွာသို့ သွားရောက်၍ ပန်းတော်ဆက် နို့စားနွားမွေးမြူရေးသမဝါယမအသင်း၏ ၂၀၂၄ ခုနှစ် ဩဂုတ်လမှစ၍ စပ်မျိုးနွားကောင်ရေ ၁၄၆ ကောင် မွေးမြူခဲ့ပြီး ယနေ့အချိန်ထိခြောက်ကောင် တိုးပွားလာမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၉၀ ဦး မြန်မာ-ထိုင်းအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၁ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်း

**နေပြည်တော် မေ ၁၄**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးအပ်လျက်ရှိရာ ယနေ့တွင် အီသီယိုးပီးယားနိုင်ငံသား ၉၀ ဦးအားမြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၁ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေး၊ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ Second Secretary Mr. Wendwosen Melkamu နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၁၁ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ မေလ ၁၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၀၇၀ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၂၂၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၈၄၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့်၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

## မေလ၏ မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | ပျဉ်းမနား | ၁၄-၅-၂၀၂၅ | ၁၄၀ | ၅.၅၁ | ၂၇-၅-၁၉၈၀ | ၁၂၃ | ၄.၈၄ | ၆၁ |

(မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံ့ဝန်ထမ်းအိမ်ရာများ၌ အခြေခံစားသုံးကုန်၊ အသား၊ ငါး၊ ဥနှင့်ဟင်းသီးဟင်းရွက်များကိုဈေးနှုန်းသက်သာစွာရောင်းချပေး

ပဲခူး မေ ၁၄

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် အပတ်စဉ်နိုင်ငံ့ဝန်ထမ်းအိမ်ရာများတွင် အခြေခံစားသုံးကုန်နှင့် အသား၊ ငါး၊ ဥ ဟင်းသီးဟင်းရွက်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း လိုက်လံကြည့်ရှုအားပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ရှင်စောပုဝန်ထမ်းအိမ်ရာသို့ရောက်ရှိခဲ့ရာ ဆန်၊ ဆီ၊ ကြက်သား၊ ဝက်သား၊ ကြက်ဥနှင့်ဟင်းသီးဟင်းရွက်မျိုးစုံတို့အား လက်လီအဆင့်ဆင့်မရှိဘဲ တိုက်ရိုက်ဈေးနှုန်းဖြင့် ရောင်းချနေမှု နိုင်ငံ့ဝန်ထမ်းများက ဝယ်ယူနေမှုတို့အား ကြည့်ရှုအားပေးခဲ့ပြီး ဝန်ထမ်းအိမ်ရာများတွင်သာမက အခြေခံစားသုံးကုန်များအား ရပ်ကွက်များအတွင်းသို့လည်း Mobile Shop များဖြင့် ရောင်းချပေးသွားရန်တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဘုရင့်နောင်ဝန်ထမ်းအိမ်ရာသို့ ရောက်ရှိပြီး နိုင်ငံ့ဝန်ထမ်းများအား ဆန်၊ ဆီ၊ ကြက်သား၊ ဝက်သား၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်မျိုးစုံတို့အား ဈေးနှုန်းသက်သာစွာရောင်းချပေးနေမှုအား ကြည့်ရှုအားပေးပြီး အခြေခံစားသုံးကုန်များနှင့် အသား၊ ငါး၊ ဥ ပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းရှိစေရေး စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်ရှိ မြို့မဈေးများတွင် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ တိုက်ရိုက်အရောင်းဆိုင်များတွင်လည်း အခြေခံစားသုံးကုန်နှင့်အသား၊ ငါး၊ ဥတို့အား နေ့စဉ်ပိတ်ရက်မရှိ သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိသည့်အပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့်သင်တန်းကျောင်းများရှိ အဆောင်နေ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများအတွက် အပတ်စဉ်အင်္ဂါနေ့ နံနက်ပိုင်းတွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများနေထိုင်ရာ ဝန်ထမ်းအိမ်ရာများတွင် အပတ်စဉ်ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းတွင်လည်းကောင်း၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအိမ်ရာများတွင် အပတ်စဉ်ကြာသပတေးနေ့ နံနက်ပိုင်းတွင်လည်းကောင်း အသီးသီးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)









**ပျောက်ဆုံးကြောင်း**
ဇင်မာခိုင်(ဘ)ဦးမြင့်အောင် ၉/လဝန(နိုင်)၂၀၀၂၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၁၈၇၀၇၉၈

**ပျောက်ဆုံးကြောင်း**
စန်းယုဝတီထွန်း(ဘ)ဦးလှခိုင် ၁၂/ဥကတ(နိုင်)၂၀၆၃၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လင်းလက်ထွန်း(ဘ)ဦးလှထွန်း ၁၀/ကထန(နိုင်)၁၉၂၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၀၇၂၄၇၉၁

**ပျောက်ဆုံးကြောင်း**
ကြိုင်ကြိုင်သင်း(ဘ)ဦးမင်းနိုင်ဦး ၉/ညဥန(နိုင်)၂၂၈၆၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
ရင်းမာစိုး(ဘ)ဦးစိုးမြင့် ၅/စကန(နိုင်)၁၅၅၈၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၅၅၁၃၄၂၃

**အမည်ပြောင်း**
လယ်ဝေးမြို့နယ်၊ မြွေရိုးလေးရွာနေ (ဦးနေဝင်းအောင်)+ဒေါ်အိအိခိုင်တို့၏သမီး မတွယ်တာနေဝင်းအား မနှင်းလဝန်းခင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မနှင်းလဝန်းခင်

**ပျောက်ဆုံးကြောင်း**
နေမျိုးသိန်း(ဘ)ဦးရွှေသိန်း ၁၂/သဃက(နိုင်)၀၀၂၆၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၇၈၇၂၂၈

**ပျောက်ဆုံးကြောင်း**
နီးနယ်ပါရ်(ဘ)ဦးထန်ကိပ်ဒွန် ၅/ကလထ(နိုင်)၃၂၉၇၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၇၅၁၉၀၁၁

**ပျောက်ဆုံးကြောင်း**
တင်တင်မြင့်လတ်(ဘ)ဦးလှမြင့် ၇/သဝတ(နိုင်)၀၀၉၀၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၂၈၄၃၅၃

**ပျောက်ဆုံးကြောင်း**
သန်းဇော်ထိုက်(ဘ)ဦးနိုင်ဝင်း ၁၂/မရက(နိုင်)၁၇၆၄၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ယဉ်မင်းလှိုင်(ဘ)ဦးဝင်းလှိုင် ၅/စကန(နိုင်)၂၄၀၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၄၂၉၀၆၆၀

**ပျောက်ဆုံးကြောင်း**
စိုင်းအိမ်ကျော်(ဘ)ဦးခင်မောင်လတ် ၁၃/မဆတ(နိုင်)၀၄၆၂၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၉၄၄၆၀၇၀

**ပျောက်ဆုံးကြောင်း**
ယဉ်မျိုးဦး(ဘ)ဦးသိန်းညွန့်မောင် ၁၁/စတန(နိုင်)၀၆၈၃၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 221739)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၂၄၉၉၁၈၁

**ပျောက်ဆုံးကြောင်း**
ဝင်းမြတ်စိုး(ဘ)ဦးတင်ဝင်း ၉/ပဘန(နိုင်)၁၅၄၀၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၁၀၄၀၀၁

**ပျောက်ဆုံးကြောင်း**
အိချောမွန်(ဘ)ဦးကျော်ကျော်ထွန်း ၁၂/ဒဂတ(နိုင်)၀၉၆၃၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 290637)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကျော်ဇင်ထွန်း(ဘ)ဦးသိန်းထွန်း ၁၂/သဃက(နိုင်)၀၃၈၂၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**
စီစီလှ(ဘ)ဦးကျော်ဒွန်း ၁၂/တတန(နိုင်)၀၁၇၄၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၃၂၆၉၉၁

**ပျောက်ဆုံးကြောင်း**
ကြည်စိုးဝင်း(ဘ)ဦးကြည်မောင် ၉/ကပတ(နိုင်)၁၈၀၀၀၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇


**ပျောက်ဆုံးကြောင်း**
ခင်ခင်ထိုက်(ဘ)ဦးထွန်းမြင့် ၁၂/ဒဂန(နိုင်)၀၁၇၁၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လီရှောက်ယွင်(ဘ)လီလောက်ချေး ၁၃/လကန(နိုင်)၀၁၇၅၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ကျောက်လုံးကြီးလမ်းနေ ယန်ဂျိုလန်(ဘ)ဦးချောင်ဘောင် ၁၃/လရန(နိုင်)၁၁၇၄၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၇၂၇၈၉၉

**အလိမ္မာစာမှာရှိ**

# ဘာစီလိုနာအသင်းက နွေရာသီအပြောင်းအရွှေ့ကာလတွင် ဒီဂျောင်းအပါအဝင် ကစားသမားကိုးဦးအထိ ရောင်းချရန်ဆုံးဖြတ်ထား



ဘာစီလိုနာ မေ ၁၄

ဘာစီလိုနာအသင်းက လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ကွင်းလယ်ကစားသမား ဒီဂျောင်းအပါအဝင် ကစားသမားကိုးဦးအထိ ရောင်းချရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် နောက်ပိုင်းနှစ်များတွင် အသင်းဘဏ္ဍာရေးအကျပ်အတည်းနှင့်တွေ့ကြုံခဲ့ရပြီး အသင်းဝင်ငွေ၊ ထွက်ငွေစည်းမျဉ်းကြောင့် ကစားသမားသစ်များခေါ်ယူရာတွင် မှတ်ပုံတင်ရန်ခက်ခဲနေသည့်အတွက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလ၌ ဒီဂျောင်းအပါအဝင် ကစားသမားကိုးဦးအထိ ရောင်းချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် နောက်ပိုင်းနှစ်များတွင် အသင်းအကယ်ဒမီမှ အရည်အချင်းပြည့်ဝသည့် လူငယ်ကစားသမားများကို အသုံးပြုနေသည့်အတွက် အသင်းမှ ဝါရင့်ကစားသမားများကို ပြန်လည်ရောင်းချပြီး အသင်းဝင်ငွေရရှိရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက ဒီဂျောင်းကို အစောပိုင်းနှစ်အပြောင်းအရွှေ့ကာလများကတည်းက ရောင်းချရန်ကြိုးပမ်းခဲ့ဖူးပြီး ပရီးမီးယားလိဂ်ထိပ်တန်းကလပ်အသင်းကြီးများက ခေါ်ယူရန်ကြိုးပမ်းခဲ့ကြသောကြောင့် ဒီဂျောင်းကိုယ်တိုင်က အသင်းမှမထွက်ခွာလိုသည့်အတွက် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့သဖြင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မဖြစ်မနေရောင်းချရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဒီဂျောင်းအပြင် ဝါရင့်ခံစစ်ကစားသမား အာရူဂျိုနှင့်အတူ ခရစ်တန်ဆန်၊ ဖာတီ၊ လူငယ်ကစားသမားများဖြစ်သည့် ဖာမင်လိုပက်ဇ်၊ တိုရေး၊ ဟတ်တာ၊ ပန်နာတို့ကိုလည်း သင့်တင့်သည့်ပြောင်းရွှေ့ကြေးဖြင့် ရောင်းချရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ထို့ပြင် ဘာစီလိုနာအသင်းသည် အဆိုပါကစားသမားများအပြင် ပြီးခဲ့သည့်နှစ်များက အဓိကအားထားနေရသည့် လူငယ်ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သော ဂါဗီကိုလည်း မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိမည်ဆိုပါက ရောင်းချရန်ဆုံးဖြတ်ထားကြောင်းသိရသည်။ *Ref;Fotmob*

# အက်ဖ်အေ၏ ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအကြီးအကဲအဖြစ် အက်ရှ်ဝက် ခန့်အပ်ခံရ

လန်ဒန် မေ ၁၄

အင်္ဂလန်နိုင်ငံဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)၏ ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအကြီးအကဲအဖြစ် နယူးကာဆယ်အသင်းနှင့် မန်ယူအသင်းအားကစားဒါရိုက်တာဟောင်းတစ်ဦးဖြစ်သည့် အက်ရှ်ဝက်ခန့်အပ်ခံရကြောင်း သိရသည်။

အက်ရှ်ဝက်သည် ပြီးခဲ့သည့်ဘောလုံးရာသီက နယူးကာဆယ်အသင်းနှင့်လမ်းခွဲပြီးနောက် မန်ယူအသင်းအားကစားဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော်လည်း မန်ယူအသင်းတွင် ငါးလသာ တာဝန်ထမ်းဆောင်ပြီးနောက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက မန်ယူအသင်းအားကစားဒါရိုက်တာရာထူးမှ ပြန်လည်နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

အက်ရှ်ဝက်သည် နယူးကာဆယ်အသင်း အားကစားဒါရိုက်တာအဖြစ် တာဝန်မထမ်းဆောင်မီက အက်ဖ်အေတွင် အမျိုးသား၊ အမျိုးသမီးဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ယခုအခါတွင်လည်း ဒုတိယအကြိမ်မြောက် ပြန်လည်တာဝန်ယူသွားမည်ဖြစ်ကာ အင်္ဂလန်အသင်းတွင် လူငယ်ကစားသမားများ ပေါ်ထွက်လာစေရန် အဓိကတာဝန်ယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

*Ref;ESPN*

# ရီးယဲလ်မက်ဒရစ်အသင်းလူငယ်ကစားသမား ရိုဒရီဂို လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ပြင်ဆင်နေ

မက်ဒရစ် မေ ၁၄

ရီးယဲလ်မက်ဒရစ်အသင်း လူငယ်တောင်ပံကစားသမား ရိုဒရီဂိုသည် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၂၄ နှစ်အရွယ် ရိုဒရီဂိုသည် ၂၀၁၉ ခုနှစ်က ဆန်းတို့စ်အသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အစောပိုင်းနှစ်များက အသင်းတွင် လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ခဲ့ရသော်လည်း နည်းပြအန်ဆယ်လော့တီလက်အောက်တွင် ပွဲထွက်ခွင့်များပြန်လည်ရရှိနေပြီး ယခုဘောလုံးရာသီတွင်လည်း အသင်းတိုက်စစ်ပိုင်းတွင် ဗင်နီစီးယက်စ်၊ အမ်ဘတ်ပီတို့နှင့်တွဲဖက်ပြီး အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်နေသူဖြစ်သည်။

သို့သော် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ရိုဒရီဂိုတို့ကြား သက်တမ်းတိုးစာချုပ်အတွက် ဆွေးနွေးမှုလုပ်ဆောင်ခဲ့ရာတွင် ရိုဒရီဂိုက လုပ်ခလစာတိုးမြှင့်ပေးချေရန်အလိုရှိနေပြီး ရီးယဲလ်မက်ဒရစ်အသင်းက လုပ်ခလစာ တိုးမြှင့်ပေးချေလိုခြင်းမရှိသည့်အတွက် အဆင်မပြေမှုများ စတင်ဖြစ်ပွားခဲ့သကဲ့သို့ ရိုဒရီဂိုအနေဖြင့် အသင်းဖော်များဖြစ်သည့် အမ်ဘတ်ပီ၊ ဘယ်လင်ဟမ်တို့နှင့်လည်း ဆက်ဆံရေးအဆင်မပြေမှုများဖြစ်ပွားနေသောကြောင့် အသင်းမှထွက်ခွာရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အယ်ကလက်ဆီကိုဒါဘီပွဲစဉ်အဖြစ် ကစားသည့် ဘာစီလိုနာအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်တွင်လည်း လူငယ်တောင်ပံကစားသမား ရိုဒရီဂိုအနေဖြင့် ပွဲကစားရန်ငြင်းဆန်ခဲ့သည့်အတွက် အသင်းနှင့် ၎င်းတို့ကြား ဆက်ဆံရေးတင်းမာမှုမှာ ပိုမိုမြင့်တက်လာခဲ့ပြီးနောက် ရိုဒရီဂိုကိုယ်တိုင်က အသင်းမှထွက်ခွာရန် ပြင်ဆင်လာသကဲ့သို့ ရီးယဲလ်မက်ဒရစ်အသင်းကလည်း ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၀၀ ရရှိလျှင် ရောင်းချရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

*Ref;Fabrizio Romano*

# စပါးအသင်းနှင့် မန်ယူအသင်းတို့ကစားမည့် ယူရိုပါလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဖီးလစ်ဇွာယာတာဝန်ယူမည်

လန်ဒန် မေ ၁၄

ယခုဘောလုံးရာသီ ယူရိုပါလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ်ကစားမည့် စပါးအသင်းနှင့် မန်ယူအသင်းတို့ပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဖီးလစ်ဇွာယာက တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ဒိုင်လူကြီး ဖီးလစ်ဇွာယာသည် ၂၀၁၅ ခုနှစ်က ဂျာမန်ဒုတိယတန်းလိဂ်ပွဲစဉ်တစ်ပွဲတွင် နောက်ထပ်ဒိုင်လူကြီးတစ်ဦးဖြစ်သည့် ရောဘတ်ဟွိုင်ဇာနှင့်အတူပူးပေါင်းပြီး လာဘ်စားကာ လုပ်ပွဲကစားခဲ့သည့်အတွက် ဒိုင်လူကြီးလောကမှ ရာသက်ပန်ပိတ်ပင်ခံခဲ့ရသည့်အပြင် ထောင်ဒဏ်အဖြစ်လည်း နှစ်နှစ်နှင့်ငါးလ ပြစ်ဒဏ်ချမှတ်ခံထားရသူဖြစ်သည်။

ထို့နောက် ဒိုင်လူကြီး ဖီးလစ်ဇွာယာအနေဖြင့် ထောင်ဒဏ်ပြစ်ဒဏ်မှ ကင်းလွတ်ပြီးနောက် ၂၀၁၉ ခုနှစ်က ဂျာမနီနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ဒိုင်လူကြီးအဖြစ် တာဝန်ထမ်းဆောင်ရန် တာဝန်ပြန်လည်ပေးအပ်ခြင်းခံရသူဖြစ်သည်။

ထို့ပြင် ဒိုင်လူကြီး ဖီးလစ်ဇွာယာသည် ၂၀၂၂ ခုနှစ်က ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်အဖြစ် ကစားသည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့ပွဲစဉ်တွင်လည်း သံသယဖြစ်ဖွယ်ဆုံးဖြတ်ချက်များကြောင့် ဒေါ့မွန်အသင်း ကွင်းလယ်ကစားသမားဟောင်း ဘယ်လင်ဟမ်က ပြင်းထန်စွာဝေဖန်ခဲ့ဖူးပြီး ယခုအခါတွင်လည်း ဥရောပဘောလုံးအဖွဲ့ချုပ်က အရေးကြီးပွဲဖြစ်သည့် ယူရိုပါလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

*Ref;Give Me Sports*



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်လှေများ၊ တရားမဝင်ကုန်ပစ္စည်းတင်ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




မုတ္တမဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် မေ ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

**မေလ ၁၂ ရက်**တွင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် (၃ ဒသမ ၃၃၆)တန်၊ အခြားသစ် (၃ ဒသမ ၇၆၅)တန်၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၉၂၄၉)**ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၄)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၃၁၅၀၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus(၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ တောင်ကြီးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၅)မျိုး၊ လူသုံးကုန်ပစ္စည်း (၄)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၀၂၅၃၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Golden Dragon Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၅၅၆၈၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**မေလ ၁၃ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့၊ (၄)မိုင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လားရှိုးမြို့မှ တောင်ကြီးမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၇၄၂၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Alphard (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၅၇၄၂၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတား(မော်လမြိုင်)ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၇၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့၊ မြေနီကုန်းကားဝင်း၊ ရွှေစင်စကြာကားဂိတ်ရှေ့၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၄၈၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၃၂၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Iveco Delivery Van (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၄၃၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ (၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၈၂၀၈၃၀၀)ကိုလည်းကောင်း၊ မုတ္တမဆိပ်ကမ်း၌ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်(၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၄၁၈၈၁၉)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် MV. Shwe Yati ရေယာဉ်(၁)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၄၆၂၇၁၁၉)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့အတွင်း၌ တရားမဝင် ငါးဖမ်းရာတွင်အသုံးပြုသည့် သစ်သားစက်လှေ(၉)စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၀၀၀၀၀)ကို မြန်မာ့ပင်လယ်ပြင်ငါးလုပ်ငန်းဥပဒေအရလည်းကောင်း၊ ထားဝယ်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် (၁၀)တန်နှင့်ဆက်စပ်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၄၀၀၀၀)ကိုသစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၄၄၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

မေလ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု**စုစုပေါင်းမှာ အမှုတွဲ (၃၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၉၇၄၇၇၅၈၈)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ တရားမဝင်ကုန်သွယ်မှုများကို ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# စစ်ကိုင်းမြို့နှင့်အင်းစိန်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် မေ ၁၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေလ ၁၂ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ရတနာပုံတံတားအနီးတွင် မင်းမော်ဟိန်း မောင်းနှင်ပြီး သိန်းဇော် လိုက်ပါလာသည့် LIGHT TRUCK အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၇၀ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၀၅၀) ကိုလည်းကောင်း။

မေလ ၁၃ ရက် ညနေ ၃ နာရီခွဲတွင် အင်းစိန်မြို့နယ်၊ ရွာမ(အနောက်)ရပ်ကွက်နေ မခင်လေးမြင့်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသကာလတန်ဖိုး ငွေကျပ် ၄၄ သိန်း) သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီ ၁၅ မိနစ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချပေးသူ စိုးစိုး(ခ)ရခိုင်ကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈) ရပ်ကွက်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်းသိရသည်။

(ရဲပြန်ကြား)



သိန်းဇော်နှင့်မင်းမော်ဟိန်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

## မိုး ထစ်ချုန်း ရွာမည်

နေပြည်တော် မေ ၁၄

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၂°c | / | ၃၅°c |
| ရန်ကုန် | ၂၅°c | / | ၃၅°c |
| မန္တလေး | ၂၄°c | / | ၃၅°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)(၁/၂၀၂၅)

၁။ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါမီးသတ်စခန်းများတွင် အုတ်တံတိုင်းခြံစည်းရိုးခတ်ခြင်းလုပ်ငန်းများ၊ မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေးပစ္စည်းဝယ်ယူရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| လုပ်ငန်းအုပ်စု | လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|---|
| Lot-1 | မဟာအောင်မြေခရိုင်မီးသတ်စခန်းမြေနေရာ(၁၂၇၅)ပေတွင် အုတ်တံတိုင်း ခြံစည်းရိုးခတ်ခြင်းလုပ်ငန်း | ၁ |
| **မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေးပစ္စည်းဝယ်ယူခြင်းလုပ်ငန်း** | | |
| Lot-1 | Remote Manpack | ၁ စုံ |

၂။ တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက် - (၁၆-၅-၂၀၂၀၅)နေ့မှ(၂၉-၅-၂၀၂၅)နေ့ထိ ရုံးချိန်အတွင်း

၃။ တင်ဒါလျှောက်လွှာတင်သွင်းရန်နောက်ဆုံးရက် - (၃၀-၅-၂၀၂၅)ရက်နေ့၊ (၁၇:၀၀)နာရီ

၄။ တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ - မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊
- ၂၉ x ၈၁ လမ်း၊ ချမ်းအေးသာစံမြို့နယ်။

၅။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းလာသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံး၊ ၀၂-၄၀၆၀၇၃၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## ပြည်ထဲရေးဝန်ကြီးဌာန
## စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
## Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းကြော်ငြာခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီသည် ဝန်ကြီးရုံးနှင့်တပ်ဖွဲ့/ဦးစီးဌာနများအတွက် လိုအပ်သောစက်နှင့်စက်ပစ္စည်းများ၊ လုံခြုံရေးသုံးပစ္စည်းများ၊ စစ်ဆေးရေးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ အခြားရုံးသုံးပစ္စည်းများဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံများနှင့်ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်းအား ၁၅-၅-၂၀၂၅ ရက်နေ့မှစတင်၍ သက်ဆိုင်ရာဝန်ကြီးရုံးနှင့်တပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ စက်နှင့်စက်ပစ္စည်းဝယ်ယူမှုလုပ်ငန်းများအတွက် ဈေးနှုန်းတင်သွင်းခြင်း တင်ဒါပုံစံတင်သွင်းရမည့်ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအုပ်စုအမှတ်စဉ်အလိုက် ၁၉-၅-၂၀၂၅ ရက်နေ့မှစတင်၍ သတ်မှတ်နေ့ရက်များတွင် ၀၈၃၀ နာရီမှ ၁၀၀၀ နာရီအထိ ရုံးအမှတ်(၃၈)၌ တင်သွင်းရမည်ဖြစ်ပါသည်။ (သတ်မှတ်ချိန်ကျော်လွန်၍ တင်သွင်းလာသော ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံများကို လက်ခံစဉ်းစားခြင်းမပြုပါ။)

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | ဖုန်း-၀၆၇-၃၄၁၂၄၆၆၊ ၀၆၇-၃၄၁၂၆၂၁၊ |
| (ခ) | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ဖုန်း-၀၆၇-၃၄၁၂၅၁၂၊ ၀၆၇-၃၄၁၂၅၁၄ |
| (ဂ) | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၃၉၅ |
| (ဃ) | အကျဉ်းဦးစီးဌာန | ဖုန်း-၀၆၇-၃၄၃၁၄၂၆၊ ၀၆၇-၃၄၃၁၄၂၀ |
| (င) | မီးသတ်ဦးစီးဌာန | ဖုန်း-၀၁-၆၆၁၅၄၄ |

**စက်နှင့်စက်ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရုံးအဆောက်အဦ (၄)လုံး၊ ဝန်ထမ်းအိမ်ရာ(၂)လုံး၊ စုစုပေါင်းအဆောက်အဦ(၆)လုံး ဆောက်လုပ်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အစိုးရအဖွဲ့ရုံး)ဂိတ်အမှတ်(၄)၊ အလုံလမ်းတွင် ၁၂၀၀ အချိန်မှ ၁၆၀၀ အချိန်အတွင်း(ရုံးပိတ်ရက်မပါ)ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် - ၂၀-၅-၂၀၂၅ ရက်

၄။ တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၂၉-၅-၂၀၂၅ ရက်

၅။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၄-၆-၂၀၂၅ ရက်၊ နံနက်(၁၀၀၀)နာရီ

၆။ တင်ဒါဖွင့်မည့်နေရာ - ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ

၇။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁-၈၃၀၂၅၆၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ခတ်အားလိုင်းပစ္စည်း/ခတ်အားခွဲရုံသုံးပစ္စည်း/ ရေဆိုးသန့်စင်စက်ရုံသုံးပစ္စည်း | ၄ မျိုး/၄ မျိုး/1 Lot |
| (ခ) | Fiber Mobile Tollet/အနံ့သက်ပျောက်ဆေးမှုန့်/ တာပေါ်လင်စ | ၃၀ လုံး/ ၁၂၀၀ ထုပ်/ ၂၉၀ ချပ် |
| (ဂ) | Glass Beads/Concrete Primer/ HIP Tape (ဖြူ/နီ/ဝါ) | ၁၂၀ တန်/၂၀၀ Drum/ ၉၀ လိပ် |
| (ဃ) | မိုးကာအင်္ကျီ/ရောင်ပြန်အင်္ကျီ | ၇၄၉၆ ထည်/၂၀၀၀ ထည် |
| (င) | ယာဉ်မောင်းဝတ်စုံ/လုပ်သားဝတ်စုံ/ စိမ်းလန်းဝတ်စုံ(အင်္ကျီ/ဘောင်းဘီ) | ၁၂၀၀ စုံ/၁၀၀၀၀ စုံ/ ၁၆၉၆ စုံ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၅-၅-၂၀၂၅ ရက်နေ့မှစ၍ ရောင်းချမည်ဖြစ်ပြီး ၂၈-၅-၂၀၂၅ ရက်နေ့(၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

World Myanmar Travel and Tours Co.,Ltd. အား ဒေါ်ချိုပြုံး ၁၂/မရက(နိုင်)၀၉၁၇၁၀ မှ Managing Director အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါတွင် ဒေါ်ချိုပြုံးမှာ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ဦးဥက္ကာဦး ၁၂/လမန(နိုင်)၁၄၀၉၉၈ မှ Managing Director အဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဦးဥက္ကာဦးမှ World Myanmar Travel and Tours Co.,Ltd. ၏ Managing Director အဖြစ် တာဝန်ယူထမ်းဆောင်ခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားများဖြင့် (၁၄)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။

**World Myanmar Travel and Tours**

### အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ် အ.ထ.က(၁)၊ Grade-11(s-2)မှ ပညာသင်ကြားနေသော အဘ ဦးဝင်းမောင် ၁၁/ရဗန(နိုင်)၀၄၂၅၈၇ ၏သမီး မခင်ဝင့်ဝါဦးအား မခင်အေးညိမ်းသူဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခင်အေးညိမ်းသူ**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်တက္ကသိုလ်၊ အဝေးသင် ဒုတိယနှစ်(အင်္ဂလိပ်စာအထူးပြု)တွင်တက်ရောက်နေသော မောင်အောင်မြတ်ဦး၏ဖခင် ဦးတင်ဝင်းနှင့် သိန်းဝင်း ၃/ဘအန(နိုင်)၁၉၉၇၉၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးတင်ဝင်း(ခ)သိန်းဝင်း**

### ပျောက်ဆုံးကြောင်း

မောင်သိန်းမိုးအောင်(ဘ)ဦးညွန့်လှိုင် ၉/ကဆန(နိုင်)၁၂၉၅၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 400490)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း

သူရိန်အောင်(ဘ)ဦးကျော်ဝင်း ၁၂/သကတ(နိုင်)၁၇၁၀၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၂၁၅၈၈၁၉

### ပျောက်ဆုံးကြောင်း

စုစုထွေး(ဘ)ဦးတင်မောင်ဝင်း ၁၂/ဒလန(နိုင်)၀၈၄၈၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ကျော်လင်း(ဘ)ဦးလှမောင်(ခ)နူရ်မာမက် ၁၂/မဂတ(နိုင်)၁၂၂၄၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၈၉၀၅၄၃၆

### ပျောက်ဆုံးကြောင်း

သက်ဖူးကေခိုင်ဇံ(ဘ)ဦးစိုးမြင့် ၃/ဘအန(နိုင်)၃၀၃၉၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၈၁၈၈၇၁၅

### ပျောက်ဆုံးကြောင်း

ဒေါ်ဇင်မာ(ဘ)ဦးထွန်းဝင်း ၅/ကလတ(နိုင်)၀၇၈၆၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၃၇၆၉၈၆၀

### ပျောက်ဆုံးကြောင်း

နေပြည်တော်(လယ်ဝေးမြို့)၊ ဝင်တဲကူးကျေးရွာအုပ်စု၊ သစ်တောရွာနေ ဆလိုင်းစောလင်းဦး(ဘ)ဦးသန်းအောင်၉/လဝန(နိုင်)၁၆၄၇၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 224772)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၁၇၈၈၈၉၃

### အမည်ပြောင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က(၁) Grade-1(A)မှ ပညာသင်ကြားနေသော အဘ ဦးဝင်းမောင် ၁၁/ရဗန(နိုင်)၀၄၂၅၈၇ ၏သမီး မခင်ဆုလတ်ဝေအား မခင်ဆုလတ်ဝေဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခင်ဆုလတ်ဝေဟန်**

### ပျောက်ဆုံးကြောင်း

မဆွတ်ဂျာနူး(ဘ)ဦးဇော်ဂျာ ၉/မဟမ(နိုင်)၀၅၉၀၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 940501)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း

သူရကျော်(ဘ)ဦးမြင့်ဝေ ၉/ခမစ(နိုင်)၀၅၁၈၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၈၆၀၆၇၃

### ပျောက်ဆုံးကြောင်း

သဇင်ဖြိုး(ဘ)ဦးဖြိုးကြွယ် ၁၄/ဝခမ(နိုင်)၂၂၆၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၅၂၂၇၇၆

### ပျောက်ဆုံးကြောင်း

သက်သက်မြင့်(ဘ)ဦးစံမြင့် ၁၂/ကမရ(နိုင်)၀၃၇၇၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၈၀၈၁၅၁၅

### နိုင်ငံသားစိစစ်ရေးအမှတ် အမှန် ကြေညာခြင်း

ကျောင်းကုန်းမြို့နယ်၊ သုံးခွကျေးရွာနေ ဦးသိန်းကြည်(ဘ)ဦးမှဲ့လေး၏နိုင်ငံသားစိစစ်ရေးအမှတ်အမှန်မှာ ၁၄/သပန(နိုင်)၀၉၂၀၉၁ ဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ဦးသိန်းဌေး(ဘ)ဦးစံထွန်း ၁၄/မအန(နိုင်)၁၇၆၂၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၇၈၀၂၈၉၂

### ပျောက်ဆုံးကြောင်း

ရီရီမြိုင်(ဘ)ဦးရွှေ ၁၂/လမန(နိုင်)၁၀၆၆၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၂၁၁၈၄

### ပျောက်ဆုံးကြောင်း

ပဲခူးမြို့၊ သရက်ကုန်းကျေးရွာနေ မရတနာလင်း(ဘ)ဦးအောင်မြတ်လင်း ၇/ပခန(နိုင်)၃၈၁၅၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာစည်သူအောင်
## အသက်(၃၉)နှစ်

တပ်မတော်ဆေးတက္ကသိုလ်၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀)မှ သူငယ်ချင်း ဒေါက်တာစည်သူအောင်၊ အသက်(၃၉)နှစ်သည် ၁၁-၅-၂၀၂၅ ရက်(တနင်္ဂနွေနေ့)နံနက် ၆:၁၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းရေ.....**

မေ့လျော့နေတဲ့ ငါတို့ကို သင်္ချိုင်းရတရားနဲ့ မိတ်ဆက်ပေးတာ မစောလွန်းဘူးလားကွာ...

ငါတို့အားလုံးပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုကို အမျှပေးဝေပါတယ်။

မြင့်မြတ်ရာ ဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ ...... အမျှ...အမျှ...အမျှ...

**တပ်မတော်ဆေးတက္ကသိုလ်**

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀)မှ သူငယ်ချင်းများ**

### ပျောက်ဆုံးကြောင်း

နော်ကလဲဒါလီထူး(ဘ)စောသရေထူး ၁၄/မအန(နိုင်)၂၃၃၆၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### မတည်ငွေရင်းလျှော့ချရန်ဆုံးဖြတ်ပြီးကြောင်းကြေညာခြင်း

Chamg Fa Co.,Ltd.(Reg No.115512951)၏ (၁၄-၅-၂၀၂၅)နေ့တွင်ကျင်းပသော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီ၏မတည်ငွေရင်းအား မူလကျပ်သိန်း(၃,၀၀၀)မှ ကျပ်သိန်း(၆၀၀)သို့ အစုရှယ်ယာပယ်ဖျက်လျှော့ချပြင်ဆင်ရန် အစုရှယ်ယာရှင်များအားလုံးက အတည်ပြုဆုံးဖြတ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့၊ Chamg Fa Co.,Ltd.**

### ပျောက်ဆုံးကြောင်း

စိုးမြတ်ဦး(ဘ)ဦးမျိုးဝင်း ၈/စလန(နိုင်)၀၇၀၉၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၆၅၉၄၁၃

### ပျောက်ဆုံးကြောင်း

ဖွဲ့ဖုံပိုင်(ဘ)ဦးဝင်းနိုင်ဦး ၁၂/ဥကမ(နိုင်)၂၃၆၇၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ခင်ပပလှိုင်(ဘ)ဦးမြဝင်း ၁၂/မဂဒ(နိုင်)၁၇၃၉၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၁၀၇၆၇၆၆

### ပျောက်ဆုံးကြောင်း

ဖြိုးမင်းထွဋ်(ဘ)ဦးအုန်းဖေ ၅/တမန(နိုင်)၀၅၂၃၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၄၀၆၇၆၈၈

### ပျောက်ဆုံးကြောင်း

နန်းချိုဝေလွင်(ဘ)ဦးစိုင်းအိုက်လှ ၁၃/နခန(နိုင်)၀၆၇၅၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်{ME 389635 (PV)}မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း

ဝင်းထက်ဇော်(ဘ)ဦးဗျာလေး ၉/မကန(နိုင်)၁၅၇၅၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၉၈၈၉၉၆၂

### ပျောက်ဆုံးကြောင်း

ဟိန်းဝင်းလှိုင်(ဘ)ဦးမှတ်ကြီး ၁၂/လသယ(နိုင်)၀၄၅၀၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း

ခိုင်ဆွေဦး(ဘ)ဦးသန်းဦး ၁၂/ကတတ(နိုင်)၀၂၅၇၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၇၆၈၇၉၁၇

### ပျောက်ဆုံးကြောင်း

ဦးဇော်ဝင်း(ဘ)ဦးလှဝင်း ၁၄/ဖပန(နိုင်)၁၄၃၁၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၈၀၀၉၉၃၄

### ပျောက်ဆုံးကြောင်း

ကန့်ဘလူမြို့၊ သောက္ကန်အုပ်စု၊ သောက္ကန်ရွာနေ မနီလာဝင်း(ဘ)ဦးအောင်ဆန်း ၅/ကဘလ(နိုင်)၂၁၆၂၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇



သဘာဝအတိုင်းမို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Black Tea
Tea Mix
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
ငွေလွှဲငွေထုတ်ခြင်း / ငွေလွှဲခြင်း
Skynet Bill Payment ပေးသွင်းခြင်း
Gift Card ပေးခြင်း
Internet Bill ပေးဆောင်ခြင်း
E-Topup ဖုန်းပြေစာဖြည့်သွင်းခြင်း
လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
ပြည်ပ ငွေလွှဲ (ထိုင်း)
ဈေးဝယ်ခြင်း
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄




Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁




အင်ဂါးခွ သကြားစက်မှထုတ်လုပ်သည်
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/ဆလ
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

❖ **လူငယ်များအနေဖြင့် ဘဝတွင်အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို . . .**

❖ **နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကိုအကျိုးပြုနိုင်မည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။



ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများ လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာတွင် ကြည့်ရှုလေ့လာစဉ်။

# ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့သွားရောက်လေ့လာ၊ အခြေခံလေကြောင်းလူငယ်သင်တန်းနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများ သင်တန်းစခန်းအလိုက် ပြိုင်ပွဲများပြုလုပ်


နေပြည်တော် မေ ၁၄

ရန်ကုန်မြို့သို့ ရောက်ရှိနေသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းအမှတ်စဉ်(၁/၂၀၂၅) စခန်းပေါင်းစုံမှ သင်တန်းသား၊ သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

**စာမျက်နှာ ၁၂ ကော်လံ ၁ ❍**

# မိုးကြီးမည့်သတိပေးချက်

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့်မြေပြိုခြင်းများဖြစ်ပေါ်နိုင်




နေပြည်တော် မေ ၁၄

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊

**စာမျက်နှာ ၅ ကော်လံ ၁ ❖**

**မှတ်သား ဖွယ်ရာ မိုးရေချိန်များ**

၁၄-၅-၂၀၂၅

| | | | | |
|---|---|---|---|---|
| ပျဉ်းမနား (ဝဲကြီး) | ၈ | ဒသမ | ၆၆ | လက်မ |
| ပျဉ်းမနား | ၅ | ဒသမ | ၅၁ | လက်မ |
| ရမည်းသင်း | ၃ | ဒသမ | ၈၂ | လက်မ |
| နေပြည်တော် (ဇမ္ဗူသီရိမြို့နယ်) | ၃ | ဒသမ | ၄၂ | လက်မ |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၂ | ဒသမ | ၇၅ | လက်မ |

ဗန္ဓုလသသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ဗုဒ္ဓသိဒ္ဓိသူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် – နေပြည်တော် / တောင်ကြီး / မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင် / ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ / ပုဂံ (ညောင်ဦး) - ပခုက္ကူ / မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ / မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ / တောင်ငူ - ဆွာ - ရေနီ / ပုသိမ်

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု